**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက်မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၃)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
၂၀၂၅ ခုနှစ်၊ မေ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆက်လက်ကျင်းပ

## လူငယ်များသည် နိုင်ငံတော်၏အနာဂတ်ကိုဖန်တီးကြမည်ဖြစ်သဖြင့် စိတ်ဓာတ်စည်းကမ်းကောင်းပြီး စာပေပညာ၊ အတတ်ပညာပြည့်စုံသည့်လူငယ်များကို မွေးထုတ်ပေးခြင်းသည် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နေခြင်းပင်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဒုတိယနေ့တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁★




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၂၁ ရက်)

# ပညာရေးဆိုင်ရာတိုးတက်မှုများ ပိုမိုမြင့်မားနေစေရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်ကိုဦးဆောင်ခဲ့ရသည့်အချိန်မှစ၍ နိုင်ငံတော်၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ပညာရေးကဏ္ဍကိုမြှင့်တင်ပေးလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံးပညာသင်ယူနိုင်ရေးအတွက် ကျောင်းအပ်နှံရေးကာလအဖြစ် မေလ ၂၂ ရက်မှ ဇွန်လ ၁ ရက်အထိ သတ်မှတ်ထားသည်။

တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေးဟူသောဦးတည်ချက်များဖြင့် ပညာရေးကဏ္ဍကို ပိုမိုမြင့်မားတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ကျန်းမာသန်စွမ်းသောလူငယ်များဖြစ်လာစေရေးအတွက် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍများကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မေလ ၁၉ ရက်ကကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပညာရေးနှင့်ပတ်သက်၍ **“မိမိတို့အနေဖြင့် ပညာရေးနှင့်ပတ်သက်ပါက ရေရှည်အနာဂတ်အကျိုးကိုကြည့်၍ စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပင် ပညာရေးဆုံးခန်းတိုင်မှုများလည်း ရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာသင်အထက်တန်းကျောင်းများကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများအထိုက်အလျောက်ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများမွေးထုတ်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ များစွာမြှင့်တင်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မဖြစ်မနေဖော်ဆောင်ပေးလျက်ရှိသည်။ ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ဖြစ်သည်။ ပညာရေးနှင့်ပတ်သက်လျှင် ကျောင်းသား၊ ကျောင်းသူတိုင်းသည် အလယ်တန်းအဆင့် (KG+9) အောင်မြင်သည်အထိ မဖြစ်မနေသင်ယူကြရမည်ဖြစ်သည်။ KG+9 အောင်မြင်ပြီးမြောက်သူများအား အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် သက်မွေးပညာများဆက်လက်သင်ယူနိုင်သည်။ နည်းလမ်းလေးသွယ်ဖြင့် စီစဉ်ဆောင်ရွက်နေခြင်းမှာ ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်စေရေးဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း နိုင်ငံတော်အတွက် သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကိုသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ ကွန်ပျူတာနှင့် နည်းပညာကိုပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုများရှိနေသည့်အတွက် ပညာရေးနှင့်ပတ်သက်ပါက ရေရှည်အနာဂတ်အကျိုးကိုကြည့်၍ စီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက ပညာရေးကို အထူးအားပေးနေသကဲ့သို့ မိဘ၊ ဆရာများကလည်း လိုက်ပါဆောင်ရွက်ရမည်ဖြစ်သည်။ ပညာရေးနှင့်ပတ်သက်၍ ပိုမိုအောင်မြင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့ချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာအချို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ဇွန်လ ၁၆ ရက်တွင် စာမေးပွဲပြန်လည်ဖြေဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ရသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်သည့်အတွက် ပြန်လည်ဖြေဆိုမှုမဆောင်ရွက်စေဘဲ ဖြေလျှော့မှုဖြင့် စာမေးပွဲအအောင်ပေးရန် ပြောဆိုမှုများရှိသည်။ သို့သော် သိက္ခာရှိသည့်အောင်မြင်မှုမျိုးနှင့် နိုင်ငံတကာစံချိန်စံနှုန်းများအရ စာမေးပွဲပြန်လည်ဖြေဆိုရန်ဆုံးဖြတ်ခဲ့သည်။ နိုင်ငံတော်မှလည်း စာမေးပွဲပြန်လည်ဖြေဆိုရမည့်ဒေသများ၌ ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများအတွက် အဆင်ပြေချောမွေ့မှုရှိစေရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် ပညာရေးနှင့်ပတ်သက်၍ သည့်ထက်ပိုမိုအောင်မြင်မှုရရှိရေး ကြိုးစားကြရန်ဖြစ်ပါကြောင်း။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများစတင်ထုတ်ချေး

ကျိုက်မရော မေ ၂၀

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မေလ ၁၉ ရက် နံနက်ပိုင်းမှ စတင်ကာ တောင်သူများထံ စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မိုးရာသီ၌ လယ်ယာလုပ်ငန်းခွင် စတင်ဝင်ကြမည့် လယ်သမားများအနေဖြင့် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်စေရန်အတွက် ယခင်စိုက်ပျိုးစရိတ်ချေးငွေ ကြွေးကျန်မရှိသည့် တောင်သူများအား အတိုး ၅ ရာခိုင်နှုန်းဖြင့် ဦးစားပေးထုတ်ချေးပေးခြင်းဖြစ်ပြီး မိုးစပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးသည်။

ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအဖြစ် ကျုံဝမ်းကျေးရွာမှ တောင်သူ ၄၁ ဦး၏ စိုက်ဧက ၂၆၆ ဧကအတွက် ချေးငွေစုစုပေါင်း ငွေကျပ် ၃၉၉ သိန်းကို တောင်သူများလက်ဝယ်အရောက် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးမင်းသက်စံထံမှသိရသည်။

(၄၀၆)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၁-၅-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News

၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား

၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ

၅။ ၁၅:၃၅ Happy Zone

၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ငရုတ်သီးစိမ်းများ ရာသီကုန်ချိန်ဖြစ်၍ ဈေးကွက်အတွင်း အရည်အသွေးကောင်းငရုတ်များအဝယ်လိုက်နေ



ရန်ကုန် မေ ၂၀

ငရုတ်သီးစိမ်းများ ရာသီကုန်ချိန်ဖြစ်၍ ရန်ကုန်ဈေးကွက်အတွင်း အရည်အသွေးကောင်းငရုတ်များ အဝယ်လိုက်နေကြောင်း ငရုတ်စိုက်ပျိုးရောင်းချသူများ၏ပြောကြားချက်အရ သိရသည်။

"ငရုတ်သီးစိမ်းတွေ ရာသီကုန်ချိန် ရောက်လာတာကြောင့် အရည်အသွေး မကောင်းတော့ဘူး။ ၇၇၇ နဲ့ ကျားခေါင်း ငရုတ်မျိုးတွေက ဝင်ရင်ဝင်သလောက် အရည်အသွေးကောင်းရင်ကောင်းသလို အဝယ်လိုက်ပါတယ်။ ရန်ကုန်ဈေးကွက်ကို ဧရာဝတီတိုင်းဒေသကြီးက ငရုတ်သီးစိမ်းတွေ အဓိကဝင်ရောက်ပါတယ်။ ရှမ်းပြည်နယ်ကလည်း ဝင်ရောက်မှုရှိတယ်" ဟု ရန်ကုန်မြို့ သီရိမင်္ဂလာဈေးမှ ငရုတ်ကုန်သည် ဦးကျော်သန်းကပြောသည်။

အောင်ပန်းဒေသမှထွက်ရှိသည့် ငရုတ်သီးစိမ်းများကို ရန်ကုန်ဈေးကွက်အပြင် မန္တလေးတိုင်းဒေသကြီးသို့လည်း တင်ပို့ရောင်းချလျက်ရှိပြီး အရည်အသွေးကောင်းမှသာ ကုန်သည်များကြိုက်နှစ်သက်ကြကြောင်း သိရသည်။

"အောင်ပန်းဒေသကထွက်တဲ့ ငရုတ်သီးစိမ်းတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့တယ်။ ကုလားအော်ငရုတ်သီးက ပခုက္ကူနဲ့ မန္တလေးဘက်ကထွက်တာပိုများတယ်။ အခုထွက်ချိန်က နောက်ပိုင်းရောက်လာလို့ အရည်အသွေးကျပြီး ငရုတ်က လမ်းမှာ ပျက်စီးတာများတယ်။ ကုန်သည်တွေက အရည်အသွေးကောင်းမှ အဝယ်များတယ်။ အခုရက်ပိုင်း မိုးရွာတာကြောင့်လည်း ငရုတ်သီးစိမ်းတွေ အရည်အသွေးကျတယ်။ ငရုတ်သီးစိမ်းအခူးများရင် ဈေးဆက်ကျနိုင်တယ်။ ခန့်မှန်းရသလောက် ဒီလကုန်လောက်အထိ ဈေးကဒီအတိုင်းပဲ ရှိနေဦးမှာပါ" ဟု အောင်ပန်းမြို့နယ်မှ ငရုတ်စိုက်ပျိုးသူ ခွန်ဇော်ဦးကပြောသည်။

လက်ရှိတွင် အောင်ပန်းဒေသ၌ တစ်ရက်လျှင် ငရုတ်သီးစိမ်းပိဿာ ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေကြောင်းနှင့် ရန်ကုန်ဈေးကွက်၌ တစ်ရက်လျှင် ပိဿာ ၅၀၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **ဝါဝါ**

---

# တာမွေမြို့နယ်၌ မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ စီစဉ်ကျင်းပသော မြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို မေလ ၂၀ ရက်တွင် တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် အဝေရာလမ်းရှိ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးခင်မောင်ထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မှုခင်းကျဆင်းရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် မူးယစ်ဆေးဝါးအမျိုးမျိုးတို့၏ ကြောက်မက်ဖွယ်ရာ ဆိုးကျိုးအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နေသည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

အဆိုပါဟောပြောပွဲသို့ တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**



---

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးမှုဖူလုံစေရေး ဟင်းသီးဟင်းရွက် ၃၃၄၇ ဧက စိုက်ပျိုးရန်လျာထား

ပွင့်ဖြူ မေ ၂၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးမှုဖူလုံစေရေး ဟင်းသီးဟင်းရွက် ၃၃၄၇ ဧက စိုက်ပျိုးရန် လျာထားကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက် ၃၃၄၇ ဧကစိုက်ပျိုးရန်လျာထားပြီး မေလတတိယပတ်တွင် စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားသုံးမှုဖူလုံစေဖို့အတွက် ဟင်းသီးဟင်းရွက် ၃၃၄၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ မျိုးသန့်မျိုးစေ့နဲ့ စိုက်ပျိုးရေးနည်းစနစ်တွေ ကူညီဆောင်ရွက်ပေးပါမယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး အစားအစာဘေးကင်းစေဖို့ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာတွေ ပံ့ပိုးကူညီပေးမှာပါ" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်နှင့်အညီ စိုက်ပျိုးနိုင်ရေး နည်းပညာပေးသင်တန်းများပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်စေရန် နည်းပညာပေးခြင်းအပြင် သီးနှံဝင်ငွေတိုးပွားရေး ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်စေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းသည် ဝင်ငွေတိုးပွားစေသောလုပ်ငန်းတစ်ခုဖြစ်၍ အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါရောင်းချနိုင်သဖြင့် တောင်သူများအတွက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

---

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကိုသိန်းဖေက လက်ကုတ်၍ခေါ်ရာ မိုးထိအောင် လောဘကြီးသော ကိုခင်မောင်တင့်ကမူ "လုပ်ပါဦးဗျာ" ဟု ဆက်၍ တိုက်တွန်း၏။ ကျွန်ုပ်သည် ငွေ ၅၆ ကျပ်အနက်မှ ၂၀ ကျပ်ကို အိတ်ထဲသို့ တစ်ဖန်ထည့်ပြန်၍ ငွေ ၃၆ ကျပ်ကို ဝက်ပေါ်၌ အောလိုက်ပြန်ရာ ဝက်ပင်ထွက်၍ လျော်ငွေ (အကောက်နုတ်ပြီး) ၁၀၀ ကျော် ရရှိလေသည်။ သို့ဖြစ်၍ အိတ်ထဲမှ ငွေ ၃၀ ကျပ်ပါ စုစုပေါင်းငွေ ၁၆၀ ကျပ်ကျော် ဖြစ်လာလေပြီ။ ဝက်ချည်း ငါးကြိမ်တိုင်တိုင်ထွက်၍ ကျွန်ုပ်ချည်း ဆက်၍ဆက်၍တိုက်သည့်အတွက်ကြောင့် ထိုးသားများလည်း စိတ်ဝင်စားလွန်းသည်နှင့် ကျွက်စီကျွက်စီဖြစ်လာကြလေပြီ။ ထိုးသားများသည် တတိယနှင့် စတုတ္ထအကြိမ်များတွင် ဝက်ကိုထိုးကြသော်လည်း ပဉ္စမအကြိမ်၌မူ အကြိမ်ပေါင်းများလွန်းပြီဆိုကာ ဝက်ကို မထိုးကြတော့ဘဲ ဖား၊ ကြက်၊ ငါးရှဉ့် စသော ဇယားများသို့ ကူးပြောင်းသွားကြလေပြီ။ သို့ဖြစ်၍ ပဉ္စမအကြိမ် ဝက်ဖွင့်သောအခါ၌ ကျွန်ုပ်တစ်ယောက်တည်း တိုက်သူရှိလေတော့သည်။ ကိုသိန်းဖေက လက်ကုတ်ခြင်းကြောင့် ကျွန်ုပ်မှာ ကျော်ပူနေပြီဖြစ်ရာ ကိုခင်မောင်တင့်မူကား "လုပ်ပါဗျ"ဟု တိုက်တွန်းတုန်းပင်ဖြစ်၏။ ကျွန်ုပ်က "တော်လောက်ပြီထင်တယ်" ဟု ပြောသော်လည်း ကိုခင်မောင်တင့် စိတ်ကျေနပ်စိမ့်သောငှာ ငွေ ၃၀ ကျပ်ပေး၍ "ရော့ ခင်ဗျားထိုးချင်ရာ ထိုးစမ်း"ဟု ပြောလိုက်၏။ ကိုခင်မောင်တင့်သည် ငွေ ၃၀ ကျပ်ကိုယူ၍ စဉ်းစားနေပြီးနောက် "အနက်များလှပြီဗျာ၊ အနီထွက်လိမ့်မယ်ထင်တယ်" ဟုဆိုကာ ကြက်နှင့် ငါးရှဉ့် (အနီကြိုး) ထိုးလိုက်ရာ ဝက်ပင် (ခြောက်ကြိမ်တိုင်တိုင်) ထွက်လာလေ၏။ ဤတစ်ကြိမ်၌မူ ဝက်ထိုးသူမရှိသဖြင့် ဒိုင်က တစ်ဇယားလုံးသိမ်းကျုံးစားသွားလေသည်။

"ဘယ့်နှယ်လဲ ကိုခင်မောင်တင့် ကျေနပ်ပြီလား"ဟု ကျွန်ုပ်ကမေးရာ "ကျေနပ်ပါပြီဗျာ"ဟု စိတ်ပျက်စွာဖြင့် ပြန်ပြောရှာလေသည်။ ကျွန်ုပ်သည် နောက်တစ်ကြိမ်မှုဖွင့်ခြင်းကိုပင် စောင့်ကြည့်ရန် အလိုမရှိတော့ဘဲ သူတို့ကိုခေါ်၍ အောက်သို့ဆင်းလာခဲ့ရာ ကလပ်ကြမ်းပိုးသုံးလေးယောက် တွယ်ကပ်လိုက်လာကြ၏။ ၎င်းတို့အား မုန့်ဖိုးတစ်ကျပ်စီပေး၍ လက်ကျန်ကို ရေတွက်ကြည့်ရာ ငွေ ၁၃၀ ကျပ်ကျော် ပါလာခဲ့သည်။ ကျွန်ုပ်တို့အနက်တွင် အပျော်ဆုံးလူမှာ ကိုသိန်းဖေဖြစ်လေသည်။ ကိုသိန်းဖေသည် ပျော်ပါးမှု၌ လောဘကြီးသော်လည်း လောင်းကစားခြင်းအလုပ်၌ ဝါနုသူတစ်ယောက်ဖြစ်သည့်အလျောက် ဤမျှလောက်နိုင်ခြင်းအတွက် အလွန်ကျေနပ်၍ ပြန်ရှုံးမည်ကို စိုးရိမ်လျက်ရှိလေသည်။

**တစ်ဖုံနှံ၍ တစ်လဲပျော်**

ထိုခေတ်၌ တရုတ်တန်းဘက်တွင် ခေါက်ဆွဲဆိုင်များ၌ အချိန်မရွေး အရက်ရနိုင်လေရာ ကျွန်ုပ်တို့သည် အကြော်ဆိုင်တစ်ဆိုင်သို့ဝင်၍ စားသောက်ရန် ပြင်ဆင်ကြ၏။ ကျွန်ုပ်က ထုံးစံအတိုင်း (အလွန်အမင်း မမူးစေနိုင်သော) ဘီယာမျှသာ သောက်ချင်ပေရာ သူတို့နှစ်ယောက်က ဝီစကီသောက်ချင်သည်ဆိုသောကြောင့် (သုံးပြားများရာဟူသော သုံးပုံဖဲစကားအတိုင်း) ဝီစကီတစ်ပုလင်းနှင့် ဆော်ဒါများ မှာယူရ၏။ ညစာအတွက် ဗောတတ်တားပေါ်၌ ကြက်ခြေထောက်ရှိးမျှလောက်သာ ကိုက်ခဲ့ရသည်ဖြစ်၍ အကောင်းဆုံးသောစားစရာများကို ဖောဖောသီသီမှာယူကြ၏။ ဗိုက်တင်းအောင်စားသောက်ပြီးကြသောအခါ ကိုသိန်းဖေက ပီမိုးနင်းနှင့်ပျော်နည်းမျိုး ပျော်ကြဖို့ အကြံပေးရာ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်က ကန့်ကွက်ကြ၏။ ဤတွင် ကိုသိန်းဖေသည် ကိုခင်မောင်တင့်နှင့် တီးတိုးတိုင်ပင်လေရာ ကိုခင်မောင်တင့်က ဦးခေါင်းကိုညိတ်၏။ ကျွန်ုပ်သည် သူတို့၏အကြံကိုသိ၍ "မလုပ်ကြနဲ့လေ၊ အသက်ရှည်ရှည် မနေချင်ကြဘူးလား"ဟု ပြောရာ ကိုသိန်းဖေက "သုံးပြားများရာဆို၊ ကျွန်ုပ်တို့က နှစ်ယောက်ဗျ"ဟု ပြောသည်နှင့် ကျွန်ုပ်က "ဒီလိုဆို လိုက်တော့လိုက်ရမှာပေါ့ဗျာ၊ သို့သော် ကျုပ်ကိုတော့ မတိုက်တွန်းကြနဲ့ဗျာတို့"ဟု ပြောကာ လိုက်ပါလာရလေ၏။

**"ကျွန်ုပ်တို့အနက်တွင် အပျော်ဆုံးလူမှာ ကိုသိန်းဖေဖြစ်လေသည်။ ကိုသိန်းဖေသည် ပျော်ပါးမှု၌ လောဘကြီးသော်လည်း လောင်းကစားခြင်းအလုပ်၌ ဝါနုသူတစ်ယောက်ဖြစ်သည့်အလျောက် ဤမျှလောက်နိုင်ခြင်းအတွက် အလွန်ကျေနပ်၍ ပြန်ရှုံးမည်ကို စိုးရိမ်လျက်ရှိလေသည် . . ."**

ကိုခင်မောင်တင့်သည် ကျွန်ုပ်တို့အား တရုတ်တန်းမှ ကုလားတန်းသို့ ခေါ်သွား၍ သုံးထပ်တိုက်တစ်တိုက်သို့ရောက်သောအခါ လှေကားမှ တစ်ထပ်ပြီးတစ်ထပ် တက်ကြရ၏။ တတိယထပ်သို့ ရောက်သော်လည်း မဝင်သေးဘဲ ဆက်လက်၍တက်ကြရသေးရာ အမိုးပေါ်တွင် နောက်ပိုင်းခပ်ကျကျဆောက်လုပ်ထားသည့် အဆောင်ကလေးတစ်ဆောင်ကို တွေ့ရ၏။ တိုက်ရှေ့မြေပြင်မှမော့ကြည့်သော် ထိုအဆောင်ကလေးကိုမမြင်ရချေ။ အဆောင်ကလေးထဲတွင် အခန်းများဖွဲ့ထား၍ အဆောင်ရှေ့ရှိ ခုံရှည်များပေါ်တွင် ကုလားမလေးငါးယောက် ထိုင်လျက်ရှိခြင်းကို လရောင်တွင် မြင်ရ၏။ (နေ့ရက်ကို မမှတ်မိသော်လည်း နွေရာသီဖြစ်၍ လသာသောရက်ပိုင်းဖြစ်ခြင်းကိုကား ကျွန်ုပ်မှတ်မိသည်။) လရောင်တွင် ကျွန်ုပ်မြင်ရသလောက်မှာ ကုလားမများသည် အသားမည်းများမဟုတ်။ အတော်ဖြူဖွေးသည့် ကုလားမများ ဖြစ်ဟန်တူသည်။ ကျွန်ုပ်တို့သုံးယောက်သည် ခုံရှည်တစ်ခု၌ ထိုင်ကြရာ အစေခံနှင့်တူသော ကုလားမတစ်ယောက်က "နို့အေးလော၊ လမနစ်လော" ဟုမေး၍ ကိုခင်မောင်တင့်က နို့အေး၊ ကိုသိန်းဖေက ဆော်ဒါဟု ပြော၏။ ကျွန်ုပ်ကမူကား ဤသောက်စရာများသည်း "စရန်ပေးခြင်း" ဖြစ်သည် ထင်သောကြောင့် ဘာမျှမသောက်ချင်ဟု ပြောလိုက်၏။ ဆော်ဒါရောက်လာသောအခါ ကိုသိန်းဖေသည် ခါးထဲ၌ ထိုးထည့်လာခဲ့သော ဝီစကီပုလင်းကျန်ကို ငှဲ့သောက်လေ၏။ သူတို့သည် ကုလားမတစ်ယောက်စီနှင့် စကားလက်ဆုံဝင်လျက်ရှိစဉ် (ကိုသိန်းဖေလည်း ဟိန္ဒူစတန်နီ အနည်းငယ်ပြောတတ်သည်။) ကျွန်ုပ်သည် သူတို့၏ရွှင်ပျခြင်းကိုကြည့်၍ ကျေနပ်လှပါ၏။ သို့သော် အားမကျချေ။ ဤအတောအတွင်း ကိုခင်မောင်တင့်က ကုလားမတစ်ယောက် ကျွန်ုပ်အနီးသို့ လွှတ်လိုက်ရာ ကျွန်ုပ်သည် လူပျိုကလေးဘဝ၌ တစ်ကြိမ်နှစ်ကြိမ် မှားဖူးကတည်းက ရွံ့ကြောက်သွားပြီး လူပျိုကိုလန့်သော အပျိုစင်ကလေးကဲ့သို့ ရှိနေပါတော့သည်။

သို့ဖြစ်၍ ကုလားမက မြူသော်လည်း ကျွန်ုပ်တို့သည် တိုက်ရှေ့ပိုင်းသို့သွား၍ လမ်းပေါ်သို့ မျှော်ကြည့်နေရာ ကုလားမများက ရယ်ကြလေသည်။ "လံဘား"ဟု တစ်ချက်တစ်ချက် ပြောကြခြင်းကို ကြားရသည်။

**ဝေပုံကျ ခွဲယူခြင်း**

တိုက်ပေါ်မှဆင်းလာကြသောအခါ ကျွန်ုပ်တို့သည် ဖာလူဒါဆိုင် တစ်ဆိုင်ဝင်ကြ၍ သူတို့က နို့အေး၊ ကျွန်ုပ်က လမနစ်သောက်ရင်း ကျွန်ုပ်အိတ်ထဲမှငွေကို ရေတွက်ကြည့်ရာ ငွေ ၁၀၀ ကျပ်ကျော် ရှိနေခြင်းကို တွေ့ရ၏။

နုပ်။ "ကိုင်းဆရာတို့၊ ဒီငွေကို ဘယ်လိုလုပ်ကြမလဲ"

တင့်။ "ကလပ်သွားပြီး ထပ်ကစားဗျာ"

နုပ်။ "ဘယ့်နှယ်လဲဗျို့ ကိုသိန်းဖေ"

ဖေ။ "ခင်ဗျားတို့သဘောပါပဲ၊ သုံးပြားများရာဆိုရင်လည်း လုပ်ပေါ့"

နုပ်။ "သုံးပြားများရာဆိုရင် ကျုပ်က မကစားချင်တဲ့ဘက်ကဗျ"

တင့်။ "ဒါဖြင့် ဘာလုပ်ကြမလဲ"

နုပ်။ "လောင်းကစားတဲ့အလုပ်မှာ ကျုပ်တွေ့ထားတဲ့စနစ်ကောင်း တစ်ခုကတော့ နိုင်ပြီးသားငွေကို ပြန်မရှုံးစေချင်ဘူး"

တင့်။ "ကေနွ ရှုံးလိမ့်မယ်လို့ ခင်ဗျားပြောနိုင်သလား"

နုပ်။ "ကေနွရယ်လို့တော့ မဟုတ်ဘူးပေါ့ဗျာ၊ နို့ပေမဲ့ ကျွန်တော့်ကိုယ်တွေ့ကတော့ ပြန်ကစားရင် ရှုံးတာကများတယ်။ ခင်ဗျားလည်း ကိုယ်တွေ့ပဲ မဟုတ်ဘူးလား ကိုခင်မောင်တင့်"

ကိုခင်မောင်တင့်သည် ဝန်မခံချင်ဘဲ ငြိမ်လျက်ရှိ၏။

နုပ်။ "နောင်ကိုလည်း ရက်တွေရှိသားပဲဗျာ၊ ကိုသိန်းဖေလည်း မပြန်သေးပါဘူး။ ဒီတော့ ဒီငွေကို ခွဲဝေယူလိုက်ကြစို့လား"

ဖေ။ "ခင်ဗျား သိမ်းထားပါလားဗျာ"၊ ကိုခင်မောင်တင့်မှာ ထိုအချိန်တွင် ပါးရှားသောအခြေအနေ၌ရှိ၍ ပိုက်ဆံ ၁၂ ပဲမျှသာ ယူလာခဲ့နိုင်ခြင်းကို ကျွန်ုပ်သာသိ၏။ သို့ဖြစ်၍-

နုပ်။ "သိမ်းမထားပါရစေနဲ့တော့ဗျာ၊ ခွဲဝေယူလိုက်ကြပါစို့၊ ကိုသိန်းဖေက ငွေအရင်းအများဆုံးထည့်တဲ့လူဖြစ်လေတော့ အများဆုံးယူပေါ့။ ဒီတော့ ကိုခင်မောင်တင့်က ၂၅ ကျပ်၊ ကျုပ် ၂၅ ကျပ်၊ ခင်ဗျားက ၅၀ ကျပ် ယူပေါ့"

ဖေ။ "ဟာ မလုပ်နဲ့လေ၊ ခင်ဗျားထိုးပေးလိုက်လို့နိုင်တာပဲ၊ ခင်ဗျားပိုယူမှပေါ့"

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ငွေ ၁၀၂ ကျပ်ကို အညီအမျှခွဲ၍ ၃၄ ကျပ်စီ ဝေယူလိုက်ကြလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## တိုက်ကြီးမြို့နယ်၌ စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကျင်းပ



**ရန်ကုန် မေ ၂၀**

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) မှ ဦးဆောင်ကျင်းပသော စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သစ်တောလမ်းရှိ ပြည်စိုးစံဥယျာဉ်ခြံ၌ မေလ ၂၀ ရက်တွင် ကျင်းပကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ဥယျာဉ်ခြံစိုက်ပျိုးသူများအနေဖြင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် နည်းပညာဗဟုသုတများ ရရှိစေရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍမြှင့်တင်နိုင်စေရန်ရည်ရွယ်၍ ဗဟုသုတများ မျှဝေပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(အပင်ရောဂါဌာန) ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမောင်မောင်မြင့်က Phytophthora မှိုရောဂါကြောင့်ဖြစ်သော အမြစ်နှင့် ပင်စည်ပုပ်ရောဂါအပါအဝင် နှစ်ရှည်ပင်နှင့် ဒူးရင်းပင်ရောဂါများကို ဘက်စုံကာကွယ်ထိန်းချုပ်ခြင်းအကြောင်းပြောကြားကာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လယ်ယာသီးနှံစိုက်ပျိုးရေးဌာန ပါမောက္ခ(ငြိမ်း) ဒေါက်တာမာမာကြူက ဒူးရင်းစိုက်ပျိုး၊ စားသုံးခြင်းနှင့် ဒို့ကျေးလက် ဇီဝမြေဩဇာများဖြင့် မြေဩဇာကျွေးခြင်း အကြောင်းဆွေးနွေးပြီး တက်ရောက်လာကြသော ဥယျာဉ်ခြံစိုက်ပျိုးသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(တိုက်ကြီး)**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ



**တောင်ကြီး မေ ၂၀**

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပညာရေးဒီဂရီကောလိပ် အားကစားရုံအတွင်း၌ ကျင်းပသည်။

ဦးစွာ မြန်မာ့လက်ရွေးစင် မချစ်နိုဒီဆောင်းနှင့်အဖွဲ့မှ ဗိုဗီနမ်အားကစားနည်းဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်နေမှုအား ကြည့်ရှုအားပေးသည်။

ထို့နောက်မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ လူမှုရေးဦးတည်ချက်၏ တတိယအချက်ဖြစ်သည့် "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဆိုပြီး ချမှတ်ထားရှိကြောင်း၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များမွေးထုတ်ပေးရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင်လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀ - ၂၀၂၄)ကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လူငယ်ရေးရာမူဝါဒတွင် လူငယ်ဆိုင်ရာ အဓိကကဏ္ဍ(၁၆)ရပ်ပါရှိကြောင်း၊ လူမှုရေးဦးတည်ချက်၏ ဒုတိယအချက်ဖြစ်သည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"ကိုအလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားရန်ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သင်တန်းသား၊ သင်တန်းသူများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ လာရောက်ဟောပြောပို့ချပေးကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးရာဝန်ကြီးက ဗိုဗီနမ်အားကစားသရုပ်ပြအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ


ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

**"ကျောင်းနေအရွယ်ကလေးအားလုံး**

**စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"**

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

**"အသိပေးကြေညာချက်"**

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။





# ကော့မှူးမြို့ရှိ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးသန်းဝင်းတို့ဦးဆောင်သောအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သင်တန်းကျောင်းအတွင်းရှိလက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော လူငယ်များ၏ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ပေးနေမှု၊ အိပ်ဆောင်များထားရှိမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်အောင် ပြုစုပျိုးထောင်ပေးမှုအခြေအနေများနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့် စသည့်အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး လူငယ်များလေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်စာအုပ်စာပေများကို ကော်မရှင်မှလှူဒါန်းသည်။

အဆိုပါအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

## ထူးခြားသည့်နေ့အပူချိန်များ

**၂၀-၅-၂၀၂၅**

| | | | | |
|---|---|---|---|---|
| ချောက် | ၄၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၆၀ | ၂၈၃၀ | ၂၇၆၅ | ၂၈၇၀ | ၂၈၈၅ | ၂၉၀၀ | ၂၈၂၀ | ၄၅၀၅ | ၃၁၁၅ | ၂၈၃၅ | ၂၈၄၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၉၅ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၆၀ | ၂၈၇၅ | ၄၅၆၀ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၄၃၀ | ၂၄၀၀ | ၂၃၃၅ | ၂၄၄၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၉၀ | - | ၂၆၈၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၈၀ | ၂၄၄၅ | ၂၄၆၅ | ၂၇၂၀ |
| HSD (50 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | ၄၈၃၀ | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |
| HSD (10 ppm) | ၂၈၅၅ | ၂၉၆၅ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၅ | ၂၉၂၅ | - | ၃၂၂၀ | ၂၉၄၀ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၈၇ | ၂၆၇၂ |
| 95 Ron | ၂၆၄၂ | ၂၇၂၈ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၄၃ |
| HSD (50 ppm) | ၂၆၈၉ | ၂၇၇၂ |
| HSD (10 ppm) | ၂၆၈၉ | ၂၇၇၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကျိုက်ထိုမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာ (Seeder) ဖြင့် စိုက်ပျိုးပြသခြင်းဆောင်ရွက်

ကျိုက်ထို မေ ၂၀

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာရှိ တောင်သူ ဦးသီဟလွင်၏ လယ်ယာမြေ၌ စပါးမျိုးစေ့ချကိရိယာ(Seeder) ဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး၊ ကြဲခင်းစနစ်လျှော့ချနိုင်ရေး လက်တွေ့မျိုးစေ့ချစိုက်ပျိုးပြသခြင်းကို မေလ ၂၀ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့စိုက်ပျိုးပြသဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဗိုလ်၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ရှစ်တန်းသွားမျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးရာတွင် ရရှိမည့်အကျိုးကျေးဇူးများ၊ လိုအပ်သည့်နည်းပညာပံ့ပိုးပေးနိုင်မှုများကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျိုက်ထိုမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးသည့်ကာလတွင် တောင်သူများ အဆင်ပြေစွာစိုက်ပျိုးနိုင်ခြင်းဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် တောင်သူများ၏ လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေး မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျိုက်ထိုမြို့နယ်အတွင်းရှိ တောင်သူများအတွက် မျိုးစေ့ချကိရိယာ(Seeder)များကို အခမဲ့ပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့



# မုံရွာမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာရည် ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်လှစ်

မုံရွာ မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာရည်၊ ဆပ်ပြာခဲနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို မေလ ၁၉ ရက်က မုံရွာမြို့ရှိ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မောင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာရည်၊ ဆပ်ပြာခဲနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းသို့ မုံရွာမြို့နယ်အပြင် တခြားမြို့နယ်များရှိ ကျေးလက်ဒေသများမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ဆပ်ပြာရည်၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းအမျိုးမျိုးကို မေလ ၁၉ ရက်မှ ၂၃ ရက်အထိ စာတွေ့လက်တွေ့လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အေးသူ

# ကြံခင်းမြို့နယ် အလုံသစ်ဆိမ့်ကိုင်းကျေးရွာ၌ တောင်သူအသိပညာပေး ဟောပြောပွဲကျင်းပ


ကြံခင်း မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် အလုံသစ်ဆိမ့်ကိုင်းကျေးရွာ အလုံမြောက်ဘုန်းတော်ကြီးကျောင်း၌ တောင်သူအသိပညာပေး ဟောပြောပွဲကို မေလ ၁၉ ရက်က ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းကိုက နို့စားနွားနှင့် ဝက်မွေးမြူရာတွင် မိသားစုတစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်မွေးမြူကြမှသာ ဝင်ငွေတိုးပွားလာမည့်အပြင် ဒေသအတွင်း သားငါးပေါ်များလာမည်ဖြစ်ကြောင်း၊ နွားမွေးမြူရာတွင် မျိုးကောင်းမျိုးသန့်များကို မွေးမြူခြင်းဖြင့် ကြီးထွားမှုကောင်းမွန်ခြင်း၊ မွေးမြူရသည့်ကာလ တိုတောင်းသည့်အတွက် လုပ်အားနှင့်အချိန်လျှော့ချနိုင်ခြင်း၊ ရောဂါဘယဒဏ်မှသက်သာခြင်းနှင့် မျိုးမြှင့်သားစပ်ခြင်းလုပ်ငန်းကို သဘာဝနည်းဖြင့် မျိုးမြှင့်သားစပ်ခြင်း၊ မေထုန်မဲ့နည်းဖြင့် မျိုးမြှင့်သားစပ်နိုင်ခြင်း၊ မျိုးမြှင့်နွားသိုးကို ကိုယ်တိုင်မွေးမြူထားရန် မလိုအပ်ဘဲ ငွေကြေးကုန်ကျမှုအနည်းငယ်ဖြင့် သားစပ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ဟောပြောသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကောင်းထက်အောင်နှင့် ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ခင်မိမိခိုင်တို့က မိုးစပါးစိုက်ပျိုးရာတွင် ကြဲခင်းစနစ်ပပျောက်ရေး၊ မိုးစပါးအထွက်နှုန်းကောင်းမွန်ရေး မျိုးကောင်းမျိုးသန့်များကိုသာ ရွေးချယ်စိုက်ပျိုးရန် ဟောပြောပြီး တက်ရောက်လာကြသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)




# ညောင်တုန်းမြို့နယ်၌ ဒေသထွက် တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်

ညောင်တုန်း မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဒေသထွက်တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ညိုညို၏ပြောကြားချက်အရ သိရသည်။

ညောင်တုန်းမြို့နယ် ကုန်စိမ်းဈေးကွက်တွင် မေလပထမပတ်မှ လက်ရှိအချိန်ထိ ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကာ လက်ရှိတစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာ ၁၅၀၀ မှ ၃၅၀၀၀ အထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

''ဒေသထွက်တိုင်ထောင်ပဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတာပါ။ ဒေသထွက်ကုန်အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်လည်းသက်သာပြီး ဒေသခံတွေ သန့်ရှင်းလတ်ဆတ်တဲ့စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ တခြားဒေသတွေက ဒီဒေသကုန်စိမ်းဈေးကွက်က တိုင်ထောင်ပဲသီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလိုဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်''ဟု ဒေါ်ညိုညိုကပြောသည်။

ညောင်တုန်းမြို့နယ်၌ လက်ရှိ တိုင်ထောင်ပဲသီးများအပါအဝင် ဒေသထွက် ရာသီပေါ်ဟင်းသီးဟင်းရွက်များထွက်ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် တိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း၊ ရောင်းချသူများအနေဖြင့် ဒေသထွက်ကုန်များသာရောင်းချရသည့်အတွက် သယ်ယူစရိတ်သက်သာခြင်းနှင့် လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် များစွာအကျိုးကျေးဇူးရရှိနေကြောင်း သိရသည်။

သုတကျော်

# ပြည်တွင်းပြည်ပမှရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော်   မေ ၂၀

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် မေလ ၂၀ ရက်အထိ သေဆုံးသူ ၃၇၂၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၇၉ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်းပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိအသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှစေတနာရှင်အလှူရှင်များကငွေနှင့် အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ မြဝတီ

# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန်   မေ ၂၀

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စာအုပ်လှူဒါန်းပွဲကိုကျင်းပရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အလှူရှင်များက စာအုပ်များလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ စာအုပ်များပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းပွဲတွင် ဒုတိယရဲမှူးကြီး(ငြိမ်း) ဦးသိန်းထွန်း (စာရေးဆရာစစ်ရဲအိမ်)က ငွေကျပ် (၁၆၀၀၀၀၀)တန်ဖိုးရှိ စာအုပ် ၂၀၀ နှင့် သဒ္ဓမ္မဇောတိကဇေဘွဲ့ရ စာရေးဆရာပန်တျာမြကြည်က ငွေကျပ် ၇၅၀၀၀၀တန်ဖိုးရှိ စာအုပ် ၅၀ လှူဒါန်းခဲ့ကြသည်။

စာအုပ်လှူဒါန်းပွဲအပြီးတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်းနှင့် အလှူငွေနှင့်စာအုပ်များ လှူဒါန်းလိုပါက အတွင်းရေးမှူး ဖုန်း(၀၉-၅၁၄၂၅၆၄)၊ ရုံးအဖွဲ့မှူးဖုန်း (၀၉-၄၂၀၇၀၀၃၂၆) တို့ကို ဆက်သွယ်၍လှူဒါန်းနိုင်ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် မေလအတွင်း (၁-၅-၂၀၂၅ ရက်နေ့မှ ၁၅-၅-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော်   မေ ၂၀

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထု အရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထု အရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | International Business Center (IBC)၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင် | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| | ၈ | မတ္တရာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ဟုမ္မလင်းမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၃ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | – | ကောင်းမွန် | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index–AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ကိုဗစ်-၁၉ ရောဂါပိုးရပ်စ်ပိုးနှင့် အတူယှဉ်တွဲနေထိုင်ကြရာဝယ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်က သတ်မှတ်ကြေညာခဲ့သည့် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုများ အချိန်ကာလအားဖြင့် ငါးနှစ်ကျော်ခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၅ ခုနှစ် ဧပြီလ ၂၇ ရက်က ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ၇၇၇ ဒသမ ၇ သန်းခန့်ရှိခဲ့ပြီး ရောဂါကြောင့် သေဆုံးသူ ၇ ဒသမ ၀၉ သန်းခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားရှိခြင်းကို ၂၀၂၃ ခုနှစ် မေလ ၅ ရက်က ပြန်လည်ရုတ်သိမ်းခဲ့သော်လည်း ကမ္ဘာအနှံ့ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကမူ ဆက်လက်ဖြစ်ပွားနေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ရောဂါ စတင်ရောက်ရှိချိန် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်မှ ၂၀၂၅ ခုနှစ် မေလ ၁၁ ရက်အထိ ရောဂါဖြစ်ပွားသူ ၆၄၃၂၄၂ ဦးရှိပြီး သေဆုံးသူ ၁၉၄၉၄ ဦးရှိခဲ့သည်။ မြန်မာနိုင်ငံ၌ လူဦးရေတစ်သန်းတွင်ရောဂါကြောင့် သေဆုံးသူ ၃၈၁ ဦးရှိခဲ့ရာ အာဆီယံ ၁၀ နိုင်ငံတွင် သေဆုံးမှုနှုန်းအနေဖြင့် အဆင့် (၈)နေရာ၌ရှိခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံတို့သည် မြန်မာနိုင်ငံနှင့်နှိုင်းယှဉ်ပါက ရောဂါကြောင့်သေဆုံးမှုနှုန်းမြင့်မားကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံ၌ နိုင်ငံတော်အစိုးရ၏ဦးဆောင်လမ်းညွှန်ပံ့ပိုးမှု၊ တာဝန်သိကျန်းမာရေးဝန်ထမ်းများ၊ နီးနွှယ်ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအပါအဝင် ပြင်းထန်သည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကို အချိန်တိုအတွင်း ကာကွယ်ထိန်းချုပ်နိုင်ခဲ့သည်မှာ သမိုင်းတွင်မှတ်တမ်းတင်ရမည့်ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ထိုသို့ ထိရောက်စွာကာကွယ်ထိန်းချုပ်ဆောင်ရွက်နိုင်မှုကြောင့် ၂၀၂၃ ခုနှစ် မေလ ၁၃ ရက်က မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူကိုနောက်ဆုံးတွေ့ရှိခဲ့ရပြီး ရောဂါဖြင့် ထပ်မံသေဆုံးမှုမရှိခဲ့သည်မှာ နှစ်နှစ်ကျော်ရှိပြီဖြစ်ပါသည်။

ယခုအချိန်တွင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှာ ပုံစံသစ်အနေဖြင့် ယခင်ကနှင့်မတူနည်းပါးသောဒေသတွင်းကူးစက်မှုများကို တွေ့လာရပြီး ကပ်ရောဂါအသွင်ကူးစက်ပြန့်ပွားမှုပုံစံ (Epidemic)မှ ဒေသတွင်းအမြစ်တွယ်ကူးစက်မှုပုံစံ (Endemic) အသွင်သို့ ကူးပြောင်းလာသည်ကို တွေ့ရသည်။ ထိုသို့ ကူးစက်မှုပုံစံပြောင်းလာသည်နှင့်အတူ ကမ္ဘာ့နိုင်ငံအများအပြားတွင်လည်း ကိုဗစ်-၁၉ရောဂါကူးစက်ဖြစ်ပွားမှုများကို အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းစနစ်တွင် ပေါင်းစပ်ထည့်သွင်းဆောင်ရွက်လာသည်ကို တွေ့ရပါသည်။

ထိုသို့ ဒေသတွင်းအမြစ်တွယ်ကူးစက်မှု(Endemic)ပုံစံသို့ ပြောင်းလဲလာခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါပိုးရပ်စ်ပိုး၏သဘောသဘာဝသည် မကြာခဏမျိုးရိုးဗီဇပြောင်းလဲ၍ ပေါ်ထွက်လာတတ်ခြင်းကြောင့် ရောဂါပိုးမျိုးကွဲများ ဆက်တိုက်ထွက်ပေါ်နေသည်နှင့်အတူ ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာခြင်းကို ကမ္ဘာ့နိုင်ငံအများအပြားတွင် ယနေ့အထိ တွေ့နေရဆဲဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါပိုး၏ မျိုးရိုးဗီဇပြောင်းလဲမှုကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိသည်။

လတ်တလောတွင် ကမ္ဘာ့မီဒီယာများနှင့် သက်ဆိုင်ရာနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးဌာနများမှ ထုတ်ပြန်ချက်များအရ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဟောင်ကောင်နှင့် တရုတ်နိုင်ငံ စသည့်ဒေသတွင်းနိုင်ငံတချို့တို့တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုပြန်လည်မြင့်တက်လာခြင်းကိုတွေ့ရှိလာရသည်။

အိမ်နီးချင်းထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ မေလ ၁၇ ရက်အထိ ရောဂါဖြစ်ပွားသူ ၁၀၆၄၈၁ ဦးရှိပြီး ရောဂါကြောင့် သေဆုံးသူ ၂၆ ဦးရှိကြောင်း သိရသည်။ သို့ရာတွင် ၂၀၂၄ ခုနှစ်တွင် ဇန်နဝါရီလမှ မေလဆန်းပိုင်းအထိ ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်သူ ခုနစ်သိန်းကျော်ရှိခဲ့သဖြင့် ယခုနှစ်ဖြစ်ပွားမှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသာစွာလျော့နည်းကြောင်း သိရသည်။ ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအမြင့်မားဆုံးကာလမှာမေလ ၁၁ ရက်မှ ၁၇ ရက်အတွင်းဖြစ်ပြီး ရောဂါဖြစ်ပွားသူလူနာသစ် ၃၃၀၃၀ ဦးရှိ၍ ဆေးရုံတက်ရောက်သူ ၁၉၁၈ ဦးနှင့် သေဆုံးသူနှစ်ဦးရှိခဲ့ကြောင်းသိရသည်။ ယင်း ၂၀၂၅ ခုနှစ် မေလ ၄ ရက်မှ ၁၀ ရက်အတွင်းတွင် ရောဂါဖြစ်ပွားသူလူနာသစ် ၃၁၁၉၄ ဦးရှိ၍ ဆေးရုံတက်ရောက်သူ ၂၄၉၀ ဦးနှင့် သေဆုံးသူရှစ်ဦး ရှိခဲ့ကြောင်းသိရ၍ အဆိုပါရက်သတ္တနှစ်ပတ်ကိုနှိုင်းယှဉ်ပါက ရောဂါဖြစ်ပွားသူဦးရေပိုမိုများပြားလာသော်လည်း ရောဂါပြင်းထန်မှုနှင့်သေဆုံးမှုလျော့ကျလာသည်ကို တွေ့ရသည်။ ရောဂါကူးစက်မှု မြင့်မားရခြင်းအကြောင်းရင်းအနေဖြင့် ထိုင်းနိုင်ငံ၌ မိုးရာသီကာလစတင်ခြင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်းနှင့် သင်္ကြန်ပွဲတော်ကဲ့သို့ လူစုလူဝေးဖြင့် ခရီးသွားလာမှုများပြားခြင်း စသည်တို့ကြောင့်ဖြစ်သည်။ အဓိက ကူးစက်ပျံ့နှံ့သည့် ကိုဗစ်-၁၉ ရောဂါပိုးရပ်စ်မျိုးကွဲမှာ ကူးစက်လွယ် အိုမီခရွန်အုပ်စုမှ ဆက်လက်၍ မျိုးရိုးဗီဇပြောင်းလဲလာသည့် JN.1 အုပ်စု ထိုမှ ဆက်လက်၍ မျိုးရိုးဗီဇပြောင်းလာသည့် XEC မျိုးကွဲသည် အများစုဖြစ်ကြောင်းသိရှိရပြီး ဘန်ကောက်၊ ချွန်ဘူရီနှင့် ရယောင်းစသည့်နေရာများတွင် ကူးစက်မှုနှုန်းမြင့်မား၍ ကလေးများတွင်လည်း ကူးစက်မှုမြင့်မားသည်ဟု သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ဗီဇပြောင်းမျိုးကွဲအသစ်များကူးစက်မှုတို့ကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့်နယ်စပ်ဝင်ထွက်ပေါက်များတွင် အဖျားရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ ဆေးရုံများတွင် အဖျားရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်း၊ သံသယလူနာတွေ့ရှိပါက ဆေးရုံများတွင် သီးခြားထားရှိကုသနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းတို့အား ပိုမိုအားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် အဓိကကျသည့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် နီးနွှယ်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးအမျိုးအစားရှစ်မျိုးကိုအသုံးပြု၍ အသက်ငါးနှစ်နှင့် အထက်ပြည်သူ ၃၆ ဒသမ ၃၆ သန်းကို ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံနိုင်ခဲ့ပြီး ထပ်ဆောင်းကာကွယ်ဆေး ၂၁ ဒသမ ၂၅ သန်း Doses ထိုးနှံပေးနိုင်ခဲ့သည်။

> "သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါအခံရှိသူ၊ ကိုယ်ခံအားကျဆင်းနေသူများ၊ လူနာနှင့်ထိတွေ့ရသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုများကိုခံယူရမည်ဖြစ်ပါသည်။ ကိုယ်ဝန်ဆောင်များအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပါအဝင် တခြားသင့်လျော်သည့်ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကိုလိုက်နာ၍ မပျက်မကွက်ထိုးနှံမှုခံယူသင့်ပါသည် . . ."

ကိုဗစ်-၁၉ ရောဂါပိုးရပ်စ်ပိုးများ မျိုးရိုးဗီဇပြောင်းလဲလာသည်နှင့်အတူ ယင်းမျိုးရိုးဗီဇပြောင်းရောဂါပိုးများကို ကာကွယ်နိုင်မည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမျိုးဆက်သစ်များသည်လည်း စဉ်ဆက်မပြတ်ထွက်ပေါ်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Pfizer X.B.B. 1.5 အသုံးပြု၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်မျှ မထိုးနှံရသေးသည့် အသက် ၁၈ နှစ်အထက်ပြည်သူ ၁၁၂၅၂၉ ဦးနှင့် ကိုယ်ဝန်ဆောင် ၁၄၇၇၅ ဦး အပါအဝင် နောက်ဆုံးအကြိမ် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်တစ်နှစ်အတွင်းရှိသည့် ပြည်သူ ၂၂၈၆၇၂၆ ဦးအား ကာကွယ်ဆေးထိုးနှံနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် မေလအတွင်းတွင် GAVI support for C-19 Vaccination အစီအစဉ်ဖြင့် ကူးစက်လွယ်အိုမီခရွန်အုပ်စုမှ ဆက်လက်၍ မျိုးရိုးဗီဇပြောင်းလဲလာသည့် JN.1 အုပ်စုနှင့် နောက်ဆက်တွဲမျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးရပ်စ်ပိုးများကိုကာကွယ်နိုင်မည့် Pfizer COVID-19 Vaccine JN.1 များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပေါ်ထွက်လာသည့်ဗိုင်းရပ်စ်အသစ် (Novel Coronavirus)ဖြစ်သည့် ကိုဗစ်-၁၉ ရောဂါဗိုင်းရပ်စ်ပိုးသည် ယင်း၏ကူးစက်ပြန့်ပွားလွယ်မှု၊ လျင်မြန်စွာမျိုးရိုးဗီဇပြောင်းလွယ်မှု၊ လူ၏ကိုယ်ခံအားစနစ်နှင့် မျိုးဆက်ဟောင်းကာကွယ်ဆေးများမှပေးအပ်သော ကိုယ်ခံအားကိုရှောင်လွှဲနိုင်မှုစသည့်ဂုဏ်သတ္တိများရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါဗိုင်းရပ်စ်နှင့် လူသားတို့နှင့်ယှဉ်တွဲနေထိုင်ရမည်မှာ ရှောင်လွှဲခြင်းမပြုနိုင်သည့်ကိစ္စတစ်ရပ်အဖြစ် ထင်ရှားလာခဲ့ပြီဖြစ်ပါသည်။

ပြည်သူများအနေဖြင့် ထိုသို့ ကိုဗစ်-၁၉ ရောဂါဗိုင်းရပ်စ်ပိုးနှင့်အတူ ယှဉ်တွဲနေထိုင်ကြရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာ၍ ဦးတည်အုပ်စုအလိုက်၊ အသက်အရွယ်အလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို မပျက်မကွက် အထူးဂရုပြုခံယူရမည်ဖြစ်ပါသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါအခံရှိသူ၊ ကိုယ်ခံအားကျဆင်းနေသူများ၊ လူနာနှင့်ထိတွေ့ရသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုများကိုခံယူရမည်ဖြစ်ပါသည်။ ကိုယ်ဝန်ဆောင်များအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပါအဝင် တခြားသင့်လျော်သည့် ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကိုလိုက်နာ၍ မပျက်မကွက်ထိုးနှံမှုခံယူသင့်ပါသည်။ ထို့ပြင် စနစ်တကျလက်ဆေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ လူစုလူဝေးရှိရာနေရာများနှင့် အလုံပိတ်အခန်းများသို့ သွားရောက်ရာတွင် ပါးစပ်နှင့်နှာခေါင်းစည်း(Mask) စနစ်တကျတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

အသက်အရွယ်ကြီးသူများနှင့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် အထက်ပါတစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို အထူးလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဖျားခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာတစ်စုံတစ်ရာပေါ်ပေါက်ပါက ကိုဗစ်-၁၉ ရောဂါဖြစ်နိုင်ခြေရှိသဖြင့် သတိပြုပြီး လူစုလူဝေးရှောင်ကြဉ်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) စနစ်တကျတပ်ဆင်ခြင်း၊ စနစ်တကျလက်ဆေးခြင်းတို့ကိုဆောင်ရွက်၍ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့သွားရောက်ပြသ၍ စနစ်တကျစစ်ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ကိုဗစ်-၁၉ ရောဂါဗိုင်းရပ်စ်ပိုးနှင့်ယှဉ်တွဲနေထိုင်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကိုလိုက်နာ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်း၊ လိုအပ်သည့်ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းနှင့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဒေါက်တာသန်းနိုင်စိုး

# ဆပ်ပြာနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်လှစ်



**ဒိုက်ဦး မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွှေအင်ဒုံကျေးရွာအုပ်စု လက်ပံသုံးခွကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၁၉ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးတို့ကသင်တန်းဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိရန်၊ ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်းပြောကြားပြီး သင်တန်း နည်းပြဆရာမက သင်တန်းမှသင်ကြားပို့ချပေးမည့်သင်ခန်းစာများ၊ သင်တန်းစည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်လေးပင်ခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများ ထံပေးအပ်သည်။

အဆိုပါ သင်တန်းသို့ လက်ပံသုံးခွကျေးရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြောင်း၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကျွမ်းကျင်နည်းပြ ဆရာမများက မေလ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး

# ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းဆောင်ရွက်



**နေပြည်တော် မေ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းတို့ကို မေလ ၁၉ ရက်တွင် သစ်ဝင်တိုင်းကျေးရွာအတွင်း၌ ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝါဝါညွန့်ရွှေဦးစီး၍ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် လူနေအိမ်များနှင့် စာသင်ကျောင်းဝင်းအတွင်း၌ ခြင်များခိုအောင်းပေါက်ပွားမှုမဖြစ်စေရေး သောက်သုံးရေကန်များ၊ဘုရားပန်းအိုးများနှင့် ရေအိုးများအား ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းတို့ ဆောင်ရွက်ကြောင်း သိရသည်။

(၄၁၃)

# ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့

# ကျောင်းအပ်နှံကြပါစို့ ဆိုင်းဘုတ်စိုက်ထူခြင်းဆောင်ရွက်

**ဟိုပုံး မေ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ဟိုပုံး-လွိုင်လင်သွား ပြည်ထောင်စုလမ်းမကြီး ဘေးလမ်းဆုံ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးအားလုံးစဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ ဆိုင်းဘုတ်စိုက်ထူခြင်းကို မေလ ၁၉ ရက်တွင် ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦး၊ မြို့နယ်ပညာရေးမှူး ဦးဝင်းညွန့်နှင့် တာဝန်ရှိသူများက စိုက်ထူထားသော ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ ဆိုင်းဘုတ်အားကြည့်ရှုကြသည်။

အဆိုပါ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်အနေဖြင့် မေလ ၂၂ ရက်မှ ဇွန်လ ၁ ရက်အထိ ကျောင်းအပ်နှံရေးလုပ်ငန်းများကို ဟိုပုံးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

## လျှပ်စစ်မီတာခသက်သာဖို့ LED ပစ္စည်းသုံးကြစို့။

## ကျောင်းအပ်နှံပေး သင့်ရင်သွေး

❖ ကျောင်းအပ်နှံရေးသီတင်းပတ်
သတ်မှတ်လို့ ကြေညာပြီ။
မိဘတိုင်း သမီးသားကို
ကျောင်းထားရန်ရည်။
ကျောင်းအပ်နှံခြင်းသည်
ပညာနို့ရည် တိုက်ခြင်းတည့်။
မိဘတိုင်း မယွင်းမပျက်
ဆောင်ရွက်သင့်၏။

❖ သားသမီးတို့ ဘဝလမ်း
အလှဆန်း တင့်တယ်စွာ။
လောကအလယ် ရပ်တည်အား
ပိုင်စားစေရာ။
အဓိကမှာ
ပညာဟု ဆိုရ။
ပညာတတ်ပါမှ
ကြံ့လာသမျှ အရာရာ
လွယ်ကူစွာ ဖြေရှင်းမှု
ပြုနိုင်မည်ပ။

❖ ပညာကို တတ်သိရေး
ချင့်တွေးကြပါလျှင်။
သားသမီးကို ကျောင်းတော်သို့
ပို့ဆောင်ကာပင်။
ဆရာဆရာမတို့ ထံတွင်
ပညာသင်ယူရေး။
ရှေးရှုကာ ကျောင်းအပ်နှံခြင်း
ဆောင်နှင်းစို့လေး။ ။

**မနောသစ်(ပခုက္ကူ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၂၅ ( ဗုဒ္ဓဟူးနေ့ )

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၇။ | ၁၃:၀၀ | အမှတ်တရ နေ့ရက်များ |
| ၂။ | ၀၈:၀၀ | မြဝတီရုပ်မြင်သံကြား သတင်း | ၈။ | ၁၄:၀၀ | Sharing Knowledge |
| ၃။ | ၀၉:၀၀ | မြဝတီနေ့စဉ်သတင်း | ၉။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၄။ | ၁၀:၀၀ | သီချင်းလက်ဆောင် | ၁၀။ | ၁၆:၀၀ | နိုင်ငံတကာသတင်း |
| ၅။ | ၁၁:၀၀ | Soprt Review | ၁၁။ | ၁၉:၀၀ | The Unknown War အပိုင်း(၁၇) |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | | | |

# ၂၀၂၅ ခုနှစ် မေလ တတိယ (၁၀) ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၂၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ ၂၁ ရက်မှ ၂၃ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၂၄ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မေလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက်လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၂ ပေခွဲမှ ၅ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ၄ ပေမှ ၆ ပေခွဲခန့်၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်အထက်မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့်မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့်ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁ ပေခွဲခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၂ ပေခွဲခန့်နှင့်ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

**(မိုး/ဇလ)**

## ပညာရေးဝန်ကြီးဌာန

## "၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

## အခြေခံပညာကျောင်းများတွင်

## ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ <u>အခမဲ့ထောက်ပံ့မှုများမှာ</u>

(က) သူငယ်တန်း (KG) သင်ရိုးသစ်

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့်ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grade 2) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ်(၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ (ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ်(၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂)ချောင်း

(ဌ) ဧကာဒသမတန်း (Grade 11) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ (ပန်းချီ)(သို့မဟုတ်)အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ်(၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင်(၂)ချောင်း ၁၈။ ခဲတံ(၂) ချောင်း

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# ရှေးဟောင်းအမွေအနှစ် စေတီ၊ ပုထိုး၊ ဂူဘုရားများကို ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေနှင့်အညီ ပြင်ဆင်ခွင့်ပြုသွားမည်

နေပြည်တော် မေ ၂၀

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ပညာရှင်များနှင့် ဖွဲ့စည်းထားသော နည်းပညာဆိုင်ရာပညာရှင်အဖွဲ့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ည ၆ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံငလျင်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် ပညာရှင်များ၊ သမိုင်းပညာရှင် နည်းပညာဆိုင်ရာ ပညာရှင်အဖွဲ့ဝင်များ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သည့်အတွက် ရှေးဟောင်းအဆောက်အအုံ၊ ဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်း၊ သိမ်၊ ဇရပ်နှင့် မြို့ရိုး၊ ပြအိုးပြာသာဒ် စသည်ဖြင့် ၁၇၈၁ ဆူနှင့် ဘုရား၊ စေတီ၊ သာသနိကအဆောက်အအုံ ၄၉၉၈ ဆူ၊ စုစုပေါင်း ၆၇၇၉ ဆူ ထိခိုက်ပျက်စီးခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြန်လည်ပြုပြင်ထိန်းသိမ်းရာတွင် နိုင်ငံတော်အကြီးအကဲ ခရီးစဉ်လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြုပြင်ရမည့် အဆောက်အအုံများပြားသည့်အတွက် ပြုပြင်ရာတွင် ရှေးဟောင်းလက်ရာတန်ဖိုးကျန်ရှိနေသေးသည့် ရှေးဟောင်းအဆောက်အအုံများကိုရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကြီးကြပ်ပေးပြီး ကျွမ်းကျင်အဖွဲ့များကိုပါ ပူးပေါင်းဆောင်ရွက်စေမည်ဖြစ်ကာ ပြည်သူလူထု ကိုးကွယ်လျက်ရှိသည့် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားများကိုရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကြီးကြပ်ပြီးသက်ဆိုင်ရာ ဂေါပကအဖွဲ့များ၊ လုပ်ငန်းအတွေ့အကြုံရှိသူများကို ခွင့်ပြုဆောင်ရွက်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ နည်းပညာဆိုင်ရာ ပညာရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် ပညာရှင်များက သက်ဆိုင်ရာနယ်ပယ်များအလိုက် ဆွေးနွေးကြသည်။

ရှေးဟောင်းအမွေအနှစ် စေတီ၊ ပုထိုး၊ ဂူဘုရားများကို ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင်ပထမဦးစားပေးအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုး နည်းပါးသောသို့မဟုတ် ပျက်စီးမှုနည်းပါးသော ရှေးဟောင်းအဆောက်အအုံများ၊ ရွေးဆေးသုတ်ထားသည့်စေတီပုထိုးများကိုပြန်လည်ပြုပြင်လိုသော အလှူရှင်များ၊ ဂေါပကများ၊ အဖွဲ့အစည်းများအနေဖြင့် ဦးစီးဌာနသို့ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ကြိုတင်ခွင့်ပြုချက်တင်ပြပြီး ခွင့်ပြုချက်အတိုင်း အတွေ့အကြုံရှိသော ကန်ထရိုက်များဖြင့် ပြင်ဆင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ပြန်လည်နေထိုင်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိဝန်ထမ်းအိမ်ရာများမှ အပြာရောင်အဆင့်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လူနေတိုက်ခန်းများ၌ ဝန်ထမ်းမိသားစုများ ပြန်လည်နေထိုင်လျက်ရှိရာ ယမန်နေ့ ညနေပိုင်းတွင် ဝန်ကြီးဌာနတာဝန်ရှိသူများက ဝန်ထမ်းအိမ်ရာအလိုက် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေး၊ စားသောက်နေထိုင်ရေးဆိုင်ရာများကို စီမံဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဝန်ထမ်းအိမ်ရာများစစ်ဆေးရာတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိရပ်ကွက်နှင့်သပြေ ၂၊ သပြေ ၄ အဆောင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့်အဖွဲ့သည် ဘောဂသိဒ္ဓိရပ်ကွက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်နှင့် သဇင် ၅၊ သဇင် ၆၊ သဇင် ၇ အဆောင်များကိုလည်းကောင်း ၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အဖွဲ့သည် ဥဇ္ဇာသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်နှင့် သဇင် ၁၊ သဇင် ၂ အဆောင်များကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများကိုရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့်အိမ်သုံးဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ " ပြည်သူ့ကြားက ပြည်သူ့စကား " အစီအစဉ်မှ **"ခါးပြဆန်ဆန်ဆက်ကြေးကောက်၊ လမ်းကြေးတောင်းနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် အခက်တွေ့နေရသောခရီးသွားပြည်သူများ"** ခေါင်းစဉ်ဖြင့် ၂၁-၅-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **" နိုင်ငံတကာထောက်ခံမှုရရှိဖို့အတွက် သတင်းလိမ်လည်ဖို့ ကြိုးစားလာတဲ့ NUG၊ PDF "** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ငမိုးရိပ်ရေလှောင်တမံမှ စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် နေ့စဉ်ဖြန့်ဝေပေးလျက်ရှိ

ရန်ကုန် မေ ၂၀

နိုင်ငံတော်မှ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ နွေစပါးရာသီ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိနွေစပါးခင်းများ ရာသီဥတုအထိအခိုက်မရှိဘဲ ရိတ်သိမ်းနိုင်ခဲ့ပြီး နွေစပါးစိုက်ပျိုးရာသီတွင် ငမိုးရိပ်ရေလှောင်တမံမှ နွေစပါး ၃၅၉၅၂ ဧကအား အောင်ရေပို့လွှတ်နိုင်ခဲ့သည့်အပြင် ရန်ကုန်မြို့သောက်သုံးရေအတွက်လည်း နေ့စဉ်ပို့လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

"ငမိုးရိပ်ရေလှောင်တမံအနေနဲ့ နွေစပါးအတွက်သာမက ရန်ကုန်မြို့ရဲ့သောက်သုံးရေလိုအပ်ချက်ကိုလည်း နေ့စဉ်ဖြည့်ဆည်းပေးနေပါတယ်။ နွေစပါးခင်းတွေလည်း ရိတ်သိမ်းမှု ပြီးစီးလုနီးပါးဖြစ်နေပါပြီ။ ရေလှောင်တမံကနေ နွေစပါးဧက ၃၅၉၅၂ အတွက် ဒီလ ၇ ရက်နေ့မှာနောက်ဆုံးပို့လွှတ်ခဲ့ပါတယ်၊ ရန်ကုန်မြို့သောက်သုံးရေအတွက်ညောင်နှစ်ပင် ရေသန့်စက်ရုံနှစ်ခုကို နေ့စဉ်ပို့လွှတ်နေပါတယ်၊ ငမိုးရိပ်ရေလှောင်တမံဟာ စိုက်ပျိုးရေရဲ့ သောက်သုံးရေအတွက် အထူးအကျိုးပြုနေတဲ့ ရေလှောင်တမံတစ်ခုဆိုရင် မမှားပါဘူး။ စိုက်ပျိုးရေးကဏ္ဍမှာ ရေဖူလုံစွာပို့လွှတ်နိုင်တဲ့အပြင် မြို့ပြအတွက်အရေးပါတဲ့ သောက်သုံးရေကိုလည်း ဖြန့်ဝေပေးနေတာကြောင့် ဌာနအနေနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်" ဟု ငမိုးရိပ်ရေလှောင်တမံမှ ဦးစီးအရာရှိ ဦးထွန်းလွင် (မြို့ပြ)က ပြောသည်။



ဓာတ်ပုံ-ငမိုးရိပ်ရေလှောင်တမံ

၂၀၂၄ - ၂၀၂၅ ခုနှစ် နွေစပါးရေပေးရာသီတွင် ငမိုးရိပ်တမံမှ စိုက်ပျိုးရေပေးဝေရာ၌ ငမိုးရိပ်တူးမြောင်းများမှ ၂၂၁၃၃ ဧက၊ ရေထိန်းတံခါးများမှ ဧက၇၂၅၀ နှင့်လျှပ်စစ်ရေတင်လုပ်ငန်းမှ ၆၆၁၄ ဧကတို့ဖြင့် စုစုပေါင်း နွေစပါးစိုက်ခင်း ၃၅၉၅၂ ဧကကို ရေပေးဝေနိုင်ခဲ့ပြီး ငမိုးရိပ် ရေလှောင်တမံအနေဖြင့် စိုက်ပျိုးရေသာမက ရန်ကုန်မြို့သောက်သုံးရေအတွက် ညောင်နှစ်ပင်ရေသန့်စင်စက်ရုံနှင့် အောင်တံခွန်ရေသန့်စင်စက်ရုံသို့ နွေရာသီတွင်ဂါလန်သန်း ၁၃၀ နှင့် မိုးရာသီ၌ ဂါလန်သန်း ၉၀ ထောက်ပံ့ပေးလျက်ရှိသည်။

ငမိုးရိပ်ရေလှောင်တမံသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ဖောင်ကြီးကျေးရွာအနီး ၂ မိုင်ခန့်အကွာတွင် တည်ရှိပြီး တမံအလျား ၁၅၅၀၀ ပေ၊ တမံအမြင့် ၇၅ ပေဖြင့် ၁၈၀၀၀၀ ဧကပေကန်ရေပြည့်သိုလှောင်နိုင်သော ရေထုတ်ပြွန်အမျိုးအစားသံကူကွန်ကရစ်ဖြင့် ဆည်ရေသောက်ဧရိယာ ၃၃၈၅၂ ဧကအား အကျိုးပြုရေပို့လွှတ်နိုင်သော တမံကြီးတစ်ခုဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိနွေစပါးစိုက်ခင်းများသို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်မှ ၂၀၂၅ ခုနှစ် မေလ ၇ ရက်အထိ ငမိုးရိပ်တူးမြောင်းမကြီးမှ လက်တံမြောင်းများ၊ ငမိုးရိပ်လက်ဝဲ/လက်ယာမြောင်းမကြီးနှင့် လက်တံမြောင်းများမှ စိုက်ပျိုးရေများ ပို့လွှတ်ပေးခဲ့ပြီး ရေများဆုံးရှုံးမှုနည်းပါးစေရန် ရေအသုံးချသူများ အဖွဲ့(Water User Group)များနှင့် လက်တွဲဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးရေနှင့်သောက်သုံးရေလုံလောက်စွာရရှိစေရန် မိုးရာသီကုန်ခါနီးတွင် ငမိုးရိပ်ရေပိုလွှဲ၌ Shutter များထောင်ခြင်း၊ မဟူရာနှင့် ပေါင်းလင်းတမံ ရေပိုလွှဲများတွင် သဲအိတ်များကာရံ၍ ရေပိုမိုသိုလှောင်နိုင်ရန် စီမံဆောင်ရွက်လေ့ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ နွေစပါးခင်းများနှင့် မြို့ပြသောက်သုံးရေအတွက် လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံ(မဟူရာရေကူတမံ+ပေါင်းလင်းရေကူတမံ)၊ လဂွမ်းပြင်ရေလှောင်တမံ၊ ကလီထော်ရေလှောင်တမံနှင့် တိုက်ကြီးမြို့နယ်ရှိ တဘူးလှရေလှောင်တမံတို့မှ ဆည်ရေများကို ပို့လွှတ်၍ တောင်သူတို့ လိုအပ်သော စိုက်ပျိုးရေးကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

မောင်မောင်ထိုက်

# လွိုင်လင်မြို့နယ်ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တွေ့ဆုံ စားသောက်ဖွယ်ရာများပေးအပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးကအဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့်အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့ပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးကြရာ တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ရှမ်းပြည်နယ်ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်းပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ရှမ်းပြည်နယ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက် ပိုစတာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် မေ ၂၀

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ရှမ်းပြည်နယ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက် ပိုစတာစိုက်ထူခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ရှမ်းပြည်နယ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက် ပိုစတာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် မေ ၂၀

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး မိုးပျံပူဖောင်းအား ပစ္စတိုဖြင့် ပစ်ဖောက်ကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပစ္စတိုပွဲစဉ်အမျိုးသမီးအသင်းနှင့်ကာဘိုင်ပွဲစဉ် အမျိုးသားအသင်းတို့၏ သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးက သရုပ်ပြပစ်ခတ်သည့် အသင်းတို့အား ချီးမြှင့်ငွေနှင့်ဂုဏ်ပြုဆုများ



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ပစ္စတိုပွဲစဉ် သရုပ်ပြပစ်ခတ်သည့် အမျိုးသမီးအသင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ပေးအပ်သည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့ဖြင့် မေလ ၂၆ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



ရေကြောင်းလူငယ်မောင်မယ်များ နေပြည်တော်ကောင်စီနယ်မြေရှိ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်တွင် ကြည့်ရှုလေ့လာစဉ်။

❍ ကျောဖုံးမှအဆက်

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၏ ပုံစံငယ်များ၊ အထင်ကရနေရာများနှင့် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအထိမ်းအမှတ်ပြယုဂ်များကို သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# အစကောင်းမှအကြောင်းလှမယ်

ရေနံ့သာမောင်ကျော်ညွန့်

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံသူ မိဘပြည်သူ၊ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ စည်ကားလှုပ်ရှားနေကြသည့် မြင်ကွင်းများကို တွေ့မြင်ရတော့မည်ဖြစ်သည်။ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေလ ၂၂ ရက်မှ ဇွန်လ ၁ ရက်အထိ ကလေးများ ကျောင်းအပ်နှံကြရေးအတွက် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်သင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသောဆောင်ပုဒ်ဖြင့် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ရာ မိမိတို့၏ရင်သွေးကလေးများ ကျောင်းနေအရွယ်တွင်ရောက်ရှိနေပါက ကျောင်းအပ်နှံကြရန် တာဝန်ရှိသော မိဘအုပ်ထိန်းသူများ မဖြစ်မနေ မြန်မြန်ဆန်ဆန်ကျောင်းအပ်နှံပေးကြဖို့လိုသည်။ ပညာသင်ကြားခြင်းသည် ကလေးတို့၏ဘဝရှေ့ရေးအတွက် အရေးအကြီးဆုံးလိုအပ်ချက်ဖြစ်သည်ကို မိဘတိုင်းက ရိုးရှင်းစွာ ရှုမြင်ကြရန်လိုပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံ၍ ပညာသင်ယူနိုင်ရေးသည် မိဘတိုင်း၏တာဝန်သာဖြစ်ပေသည်။ မိမိကလေးလူတန်းစေ့နေနိုင်ရေး၊ ဘဝတိုးတက်ကောင်းမွန်ရေး အများအမှန် ဝေဖန်ပိုင်းခြားနိုင်တို့အတွက် ပညာသည်သာ အခရာဖြစ်သည်။

နိုင်ငံတော်အစိုးရက "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" လူမှုရေးဦးတည်ချက်ကို ချမှတ်ထားသည်။ ထို့ပြင် "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" လူမှုရေးဦးတည်ချက်ကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်၏အနာဂတ်အတွက် ရည်မှန်းချက်များ အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျောင်းဖွင့်ချိန်နီးလာပြီဆိုတော့ အများသူငါ သိပြီးသားဖြစ်တဲ့ပုံပြင်တစ်ပုဒ်ကိုသတိရလာတယ်။ ပုံပြင်ဆိုတာ "အစဉ်အဆက်ကပြောလာသောအဖြစ်အပျက်၊ ဇာတ်ကြောင်း"လို့ မြန်မာအဘိဓာန်ထဲမှာ အဓိပ္ပာယ်ဖွင့်ဆိုပေးထားပါတယ်။ သတိရလာတဲ့ပုံပြင်တစ်ပုဒ်ကတော့ "ကုဋေရှစ်ဆယ်သူဌေးသား" ပုံပြင်ပါပဲ။ ဒီပုံပြင်က စိတ်ကူးယဉ်ဇာတ်လမ်းဆင်ပြီး ရေးထားတဲ့ပုံပြင်မျိုးမဟုတ်ပါဘူး။ တစ်ချိန်တစ်ခါက ဖြစ်ခဲ့ဖူးတဲ့ဖြစ်ရပ်မှန်အဖြစ်အပျက်အကြောင်းအရာပါ။ အခုပုံပြင်ရဲ့သက်တမ်းကအချိန်ကာလကြာမြင့်နေပါပြီ။ ဒါပေမဲ့ ယနေ့ထိတိုင်အောင် မရိုးနိုင်သေးပါဘူး။ ပုံပြင်ထဲကအဖြစ်အပျက်မျိုးက ယနေ့ထိတိုင်အောင် ရှိနေဆဲမို့ မရိုးနိုင်သေးတာပါပဲ။

"ကုဋေရှစ်ဆယ်သူဌေးသားပုံပြင်" ထဲမှာပါတဲ့ ကုဋေရှစ်ဆယ်သူဌေးသားက ဆင်းရဲပြီး ဘဝပျက်သွားတယ်။ တောင်းရမ်းစားသောက်နေရတဲ့သူတောင်းစားဘဝအထိရောက်သွားတယ်။ လူသူမနီးတဲ့တောထဲမှာတိရစ္ဆာန်တစ်ကောင်သေဆုံးရသလို အသေဆိုးနဲ့ သေဆုံးပြီး ဘဝနိဂုံးအဆုံးသတ်ရရှာတယ်။ ဒီလိုဘဝဆိုးကို အလိုလိုရောက်သွားတာမဟုတ်ပါဘူး။ အစမကောင်းခဲ့လို့အကြောင်းမလှဖြစ်သွားရတာပါပဲ။

"ကုဋေရှစ်ဆယ်သူဌေးသား" က ကျောင်းနေရမယ့်အရွယ်မှာကျောင်းမနေခဲ့ဘူး၊ စာသင်ရမယ့်အချိန်မှာ စာမသင်ခဲ့ဘူး။ သူဌေးကြီးကလည်း တစ်ဦးတည်းသောသားကို ကျောင်းထားပေးရမှန်း၊ စာသင်ပေးရမှန်းမသိခဲ့ဘူး။ အဆုံးအမ၊ အသင်အပြမခံရဘဲ ကြီးပြင်းလာခဲ့တဲ့သားဖြစ်သူက အရှေ့မှန်း၊ အနောက်မှန်း၊ တောင်မှန်း၊ မြောက်မှန်းမသိပါဘူး။ သားဖြစ်သူ အရွယ်ရောက်ခါနီးမှာ သူဌေးလင်မယားက ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြတယ်။ သားဖြစ်သူက ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာတဲ့ အမွေပုံပေါ်မှာ တစ်ကောင်ကြွက်တစ်မျက်နှာနဲ့ တစ်ယောက်တည်း ယောင်ချာချာကျန်ရစ်ခဲ့တာပေါ့။

သူဌေးသားကဖခင်သူဌေးကြီးရဲ့အမွေကိုဆက်ခံရတာပါ။ ဖခင်သူဌေးကြီးလက်ထက်မှာခိုင်းစေထားခဲ့တဲ့အခိုင်းအစေတွေကိုပဲဆက်ပြီး ခိုင်းစေထားပါတယ်။ ခိုင်းစေထားတဲ့အခိုင်းအစေတွေက သူဌေးသား စာမတတ်မှန်းသိတော့လိမ်ညာကြတယ်။ မှားမှန်းမှန်မှန်း၊ ကောင်းမှန်းဆိုးမှန်းမသိတဲ့ သူဌေးသားကို လှည့်ပတ်ကြတယ်။ အမှတ်သညာမရှိမှန်းသိတော့ သူဌေးကြီးသိုဝှက်ထားခဲ့တဲ့ ပစ္စည်းဥစ္စာရတနာတွေရဲ့ နေရာကိုမပြောပြကြဘူး။ မြှောက်ပင့်ပေးတာကို သဘောကျနှစ်သက်မှန်းသိတော့ မြှောက်ပင့်ပေးကြတယ်။ အမြှောက်ကြိုက်တဲ့သူဌေးသားကို နည်းအမျိုးမျိုးနဲ့ ဖြားယောင်းသွေးဆောင်မြူဆွယ်ကြတယ်။ သူဌေးသားက မစဉ်းစားမဆင်ခြင်နိုင်ပါဘူး။ အခိုင်းအစေတွေပြောသမျှ သဘောကျနေတော့တာပါပဲ။

အချို့အခိုင်းအစေတွေက အပျော်အပါးနဲ့မြူဆွယ်တယ်။ အသောက်အစားနဲ့ ဖြားယောင်းတယ်။ လောင်းကစားနဲ့သွေးဆောင်တယ်။ မစဉ်းစား၊ မဆင်ခြင်၊ မချင့်ချိန်နိုင်တဲ့သူဌေးသားက မြူဆွယ်တာကိုပျော်မွေ့နေပြီ။ ဖြားယောင်းတာကိုနှစ်သက်နေပြီ။ သွေးဆောင်တာကိုစွဲမက်နေပြီ။ မကောင်းတဲ့ဘက်မှာခြေလွန်လက်လွန်ဖြစ်နေတယ်။ ဖခင်သူဌေးကြီးထားခဲ့တဲ့ ကုဋေရှစ်ဆယ်က တိုးပွားမလာတဲ့အပြင် တစ်နေ့တခြားလုံးပါးပါးလာတယ်။ နောက်ဆုံးတော့ ထန်းလျက်ခဲခွေးလျက်သလို ပြောင်တလင်းခါသွားတော့တာပါပဲ။

ပစ္စည်းဥစ္စာရတနာတွေ တစိုးတစိမှမကျန်အောင် ဆင်းရဲလာတော့ နေထိုင်တဲ့အိမ်ကိုပါ ရောင်းပစ်လိုက်ရတယ်။ အိမ်ရောင်းလို့ရတဲ့ငွေကလည်းကြာရှည်မခံပါဘူး။ ကုန်တာပါပဲ။ ထုခွဲရောင်းချစရာလည်းမရှိတော့ပါဘူး။ ဝမ်းရေးအတွက် ခက်ခဲလွန်းမကခက်ခဲလွန်းလာတယ်။ မဝရေစာစားပြီးအသက်ရှင်နေရတာဆိုတော့အရိုးပေါ်အရေတင် ကိုယ်ခန္ဓာက ပိန်လှီချည့်နဲ့လာတယ်။ မတတ်သာတဲ့အဆုံးမှာတော့ ရှက်ကြောက်မနေတော့ဘူး။ ခွက်တစ်လုံးနဲ့ ရွာရိုးတစ်လျှောက် အိမ်ပေါက်စေ့ဝင်ပြီး "ထမင်းကျွေးပါ၊ ရေပေးပါ"လို့ တောင်းရမ်းစားသောက်ရတဲ့ သူတောင်းစားဘဝရောက်သွားတော့တာပါပဲ။

**ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာတဲ့သူဌေးကြီးက သားဖြစ်သူကို ကုဋေရှစ်ဆယ် အမွေပေးထားခဲ့တာပါ။ ဒါပေမဲ့ ကုဋေရှစ်ဆယ်သူဌေးသားက မိဘအမွေကို မထိန်းသိမ်းနိုင်ခဲ့ပါဘူး။ မထိန်းသိမ်းနိုင်ခဲ့တဲ့အကြောင်းရင်းရဲ့ဇာစ်မြစ်က သူဌေးသားကိုယ်တိုင် ကျောင်းနေအရွယ်မှာကျောင်းနေပြီး စာမသင်ခဲ့လို့ပါပဲ။ သူဌေးကြီးကိုယ်တိုင်ကလည်း ကျောင်းနေအရွယ်ရောက်လာတဲ့သားဖြစ်သူကို ကျောင်းအပ်နှံပြီး စာသင်မခိုင်းခဲ့လို့ပါပဲ။ သူဌေးသားခမျာ ကျောင်းနေအရွယ်မှာ ကျောင်းမနေခဲ့တော့ သင်ပြလမ်းညွှန်သွန်သင်ဆုံးမပေးမယ့်ဆရာနဲ့မတွေ့ခဲ့ရပါဘူး။**

ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာတဲ့သူဌေးကြီးက သားဖြစ်သူကို ကုဋေရှစ်ဆယ်အမွေပေးထားခဲ့တာပါ။ ဒါပေမဲ့ ကုဋေရှစ်ဆယ်သူဌေးသားက မိဘအမွေကို မထိန်းသိမ်းနိုင်ခဲ့ပါဘူး။ မထိန်းသိမ်းနိုင်ခဲ့တဲ့အကြောင်းရင်းရဲ့ဇာစ်မြစ်က သူဌေးသားကိုယ်တိုင်ကျောင်းနေအရွယ်မှာကျောင်းနေပြီးစာမသင်ခဲ့လို့ပါပဲ။ သူဌေးကြီးကိုယ်တိုင်ကလည်း ကျောင်းနေအရွယ်ရောက်လာတဲ့ သားဖြစ်သူကို ကျောင်းအပ်နှံပြီး စာသင်မခိုင်းခဲ့လို့ပါပဲ။ သူဌေးသားခမျာ ကျောင်းနေအရွယ်မှာကျောင်းမနေခဲ့တော့ သင်ပြလမ်းညွှန်သွန်သင်ဆုံးမပေးမယ့် ဆရာနဲ့မတွေ့ခဲ့ရပါဘူး။ ဆရာနဲ့လွတ်နေပါတယ်။ "မျဉ်းလွတ်တော့ကိုင်း၊ ဆရာလွတ်တော့ရိုင်း" လို့ဆိုတဲ့မြန်မာဆိုရိုးစကားအတိုင်းပါပဲ။ ဆရာလွတ်တဲ့ သူဌေးသားက မယဉ်ကျေးပါဘူး။ အင်မတန်ရိုင်းစိုင်းပါတယ်။ မလိမ္မာပါဘူး။ အင်မတန်မိုက်ကန်းပါတယ်။ စာမသင်ခဲ့တော့စာမတတ်ပါဘူး။ စာမတတ်တော့ မျက်စိကန်းနေတဲ့သူလိုပါပဲ။ အမှန်တရားကိုသိမြင်နိုင်စွမ်းမရှိပါဘူး။ စဉ်းစားမြော်မြင်ဆင်ခြင်နိုင်စွမ်းမရှိပါဘူး။ လောကအရေး၊ ရာဇအရေး၊ ဓမ္မအရေးစတဲ့ အရေးကိစ္စဘာတစ်ခုမျှမသိမမြင်နိုင်ပါဘူး။ ကျောင်းနေအရွယ်မှာကျောင်းမနေဘဲ စာမသင်ခဲ့ရင်ဖြစ်ပေါ်လာတဲ့နောက်ဆက်တွဲဆိုးကျိုးတွေပါပဲ။

မိဘတွေကသူတို့ရဲ့သားသမီးတွေကိုကုဋေရှစ်ဆယ်သူဌေးသားလိုမျိုးမဖြစ်စေချင်ကြဘူး။ ဖြစ်လာမှာကို စိုးရိမ်ကြတယ်။ ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာတဲ့သူဌေးကြီးလို မိဘမျိုးအဖြစ်မခံနိုင်ဘူး။ မိဘဝတ္တရားငါးပါးလုံးကျေပွန်အောင် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးကြတယ်။ သားသမီးတွေငယ်ရွယ်စဉ်ကလေးဘဝကတည်းကမိဘဝတ္တရားငါးပါးထဲမှာပါတဲ့ "မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ"ဆိုတဲ့ ပထမဝတ္တရားသုံးပါးကို အပျက်မခံတော့ဘူး။ မကောင်းတဲ့ဘက်မရောက်အောင် ပဲ့ပြင်ဆုံးမတားမြစ်ကြတယ်။ ကောင်းတဲ့ဘက်ရောက်အောင်သွန်သင်နည်းပြလမ်းညွှန်ကြတယ်။ သားသမီးတွေကျောင်းနေအရွယ်ရောက်ပြီဆိုတာနဲ့ စာသင်ဖို့ကျောင်းထားပေးတော့တာပါပဲ။

ကျောင်းမှာရှိတဲ့ ဆရာ၊ ဆရာမတွေကလည်း မိဘတွေလိုပါပဲ။ ကျောင်းနေအရွယ်လူငယ်တွေကို အသိပညာ၊ အတတ်ပညာတွေ တတ်မြောက်ကျွမ်းကျင်အောင်ဆရာစားမချန်ဘဲ သင်ကြားလေ့ကျင့်ပေးကြတယ်။ လမ်းလွဲရောက်ပြီး မတိမ်းစောင်းအောင် ထိန်းကျောင်းတည့်မတ်ပေးကြတယ်။ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းစေတဲ့၊ ဉာဏ်ရည်ဖွံ့ဖြိုးထက်မြက်စေတဲ့၊ အကျင့်စာရိတ္တကောင်းမွန်စေတဲ့၊ ကိုယ်ချင်းစာခံစားတတ်စေတဲ့၊ အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာကိုရရှိစေတဲ့ "ကာယ၊ ဉာဏ၊ စာရိတ္တနှင့်ရသသက်မွေးဘက်စုံပညာရေး" ရဲ့ ပန်းရောင်စုံကို ခူးဆွတ်ပန်ဆင်ပေးကြပါတယ်။ အဲဒါကကျောင်းနေအရွယ်လူငယ်တွေအားလုံးကို "ပညာပြည့်ဝနှလုံးလှ" သူတွေဖြစ်အောင်ပုံသွင်းမွေးမြူပေးနေကြတာပါပဲ။

အခြေခံပညာကျောင်းတွေကကျောင်းနေအရွယ်ကလေးတွေအားလုံးကို "ပညာပြည့်ဝနှလုံးလှ" တဲ့သူတွေဖြစ်အောင် သင်ကြားလေ့ကျင့်ပေးနေသလို အဆင့်မြင့်ပညာရပ်အသီးသီးကိုဆက်လက်သင်ယူနိုင်ဖို့ "ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ" ဆိုတဲ့ ဗလငါးတန်နဲ့ပြည့်စုံဖို့ ပညာအခြေခံကောင်းတွေကိုပါ သင်ကြားလေ့ကျင့်ပေးနေတာပါ။ ယနေ့ကျောင်းနေအရွယ်ကလေးတွေအနေနဲ့အခြေခံပညာသင်ကျောင်းတွေက သင်ကြားလေ့ကျင့်ပေးနေတဲ့ ပညာအခြေခံကောင်းတွေကို ပိုင်နိုင်တတ်မြောက်ကျွမ်းကျင်အောင် သင်ယူလေ့လာဆည်းပူးနိုင်တဲ့ အခွင့်အလမ်းကောင်းတွေ ရရှိနေပါတယ်။ ရရှိနေတဲ့အခွင့်အလမ်းကောင်းတွေကို မိမိရရဆုပ်ကိုင်ထားရမှာပါ။ ဒီအခွင့်အလမ်းကောင်းတွေနဲ့ အခွင့်သာခိုက်၊ အခွင့်သာဆဲ၊ အခွင့်သာတုန်းအချိန်အခါမှာ လက်လွှတ်ဆုံးရှုံးမခံသင့်ပါဘူး။ လက်လွှတ်ဆုံးရှုံးခံလိုက်မယ်ဆိုရင်တော့ လယ်တီဆရာတော်ကြီးရဲ့ နိဗ္ဗိန္ဒတေးထပ်ထဲမှာပါတဲ့အတိုင်း "ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင် အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား"၊ "ခွင့်သာဆဲကမှ မခဲချင်လျှင် အလွဲနင့်ပြင်ရှိသေးလေလိမ့်လား"၊ "ခွင့်သာတုန်းကမှ မရုန်းချင်လျှင် အရှုံးနင့်ပြင်ရှိသေးလေလိမ့်လား" လို့ဆိုရမှာပါပဲ။

ဘယ်မိဘမဆို သားသမီးတွေရဲ့နောင်ရေးစိတ်အေးချင်ကြပါတယ်။ လူတစ်လုံးသူတစ်လုံးနဲ့ဆင်စီးမြင်းရံနေတဲ့သားသမီးတွေကိုပဲမြင်ချင်ကြပါတယ်။ သားသမီးတွေရဲ့နောင်ရေးစိတ်အေးရဖို့ ပြောင်ပြောင်ရောင်ရောင်လူတစ်လုံးသူတစ်လုံးနဲ့ဆင်စီးမြင်းရံနေတာကိုမြင်ရဖို့ဆိုရင် ပစ္စည်းဥစ္စာရတနာရွှေငွေတွေကို အမွေပေးတာထက် ပညာအမွေပေးတာက အကောင်းဆုံးပါပဲ။ ပစ္စည်းဥစ္စာစိန်ရွှေရတနာတွေက အကြောင်းမသင့်ရင် ရုတ်ခြည်းပျက်စီးဆုံးရှုံးနိုင်ပါတယ်။

မတည်မြဲပါဘူး။ ပညာကတော့မပျက်မစီးဘဲ တည်မြဲနေပါတယ်။ တည်မြဲတဲ့ပညာကဘဝတစ်သက်တာလုံးသုံးစွဲလို့ မကုန်ခန်းနိုင်ပါဘူး။ မိဘတွေက သားသမီးတွေကို မကုန်ခန်းနိုင်တဲ့ပညာအမွေကိုပေးကြရမှာ ဖြစ်ပါတယ်။ ပစ္စည်းဥစ္စာရတနာရွှေငွေတွေကိုသာ အမွေပေးပြီး ပညာအမွေကိုမပေးဘူးဆိုရင်တော့ လက်သစ်ကုဋေရှစ်ဆယ်သူဌေးကြီးတွေနဲ့ လက်သစ်ကုဋေရှစ်ဆယ်သူဌေးသားတွေပေါ်ပေါက်လာဦးမှာမလွဲပါဘူး။

ယနေ့မိဘတိုင်းကလည်း ကုဋေရှစ်ဆယ်သူဌေးလို မိဘမျိုးမဖြစ်အောင်မိဘဝတ္တရားကိုကျေပွန်ကြရမှာပါ။ သားသမီးတွေကိုလည်း လက်သစ်ကုဋေရှစ်ဆယ်သူဌေးသားမျိုးမဖြစ်အောင် ထိန်းကျောင်းစောင့်ရှောက်မွေးမြူပေးကြရမှာပါ။ မိဘတိုင်းအနေနဲ့ ကျောင်းနေအရွယ်သားသမီးရတနာတွေကို ကျောင်းအပ်နှံပြီးစာသင်ခိုင်းကြမယ်ဆိုရင် ကုဋေရှစ်ဆယ်သူဌေးသားလို သားသမီးမျိုးဖြစ်ပေါ်မလာတော့ပါဘူး။ ကုဋေရှစ်ဆယ်သူဌေးလိုမိဘမျိုးလည်းဖြစ်ပေါ်မလာတော့ပါဘူး။ အစကောင်းရင်အကြောင်းလှမှာပဲဖြစ်ပါတယ်။ ။

# လှူဒါန်းနိုင်ရန်နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၁) ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု စုစုပေါင်း (၆၇၇၉)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်သာသနာရေးမှူးရုံး၊ ဖုန်း-၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၂၀၇၁၄၇၆၀ တို့သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၉၂၀၃၈၅၆၃ နှင့်ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းငွေ၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၄၃၀၄၃၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို အစဉ်ရှေးရှုကာ အရည်အသွေးစံနှုန်းများနှင့်အညီ အထူးဂရုပြုတိုင်းတာဆောင်ရွက်ရန်မှာကြား

**နေပြည်တော် မေ ၂၀**

ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည်ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း (၂၀၂၂)ဖြင့် ပူးပေါင်းဆောင်ရွက်သော အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဓာတ်ခွဲခန်းစင်တာ၌ ပြည်သူများ စားရေရိက္ခာဖူလုံစေရေးနှင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ဒေသထွက်ကုန်ကြမ်းအခြေပြု MSME ထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသောက်ကုန်များ၏ ကုန်ကြမ်းနှင့်ကုန်ချောပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ဓာတ်ခွဲခန်းအသီးသီးတွင် ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်မှ ချမှတ်ထားသော အမျိုးသားရေးလုပ်ငန်းစဉ်များနှင့် တိုက်ရိုက်ပတ်သက်လျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရသည်ဖြစ်ပြီး တိုင်းတာမှုရလဒ်များ၏ သက်ရောက်မှုသည် ကြီးမားသည်ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို အစဉ်ရှေးရှုကာ အရည်အသွေးစံနှုန်းများနှင့်အညီ အထူးဂရုပြုတိုင်းတာဆောင်ရွက်ရန်နှင့်လိုအပ်သည်များ မှာကြားသည်။

ယင်းစင်တာတွင် စားသောက်ကုန်များ၏ အရည်အသွေးများဖြစ်သည့် အသားဓာတ်၊ အဆီဓာတ်၊ အမျှင်ဓာတ်၊ ကစီဓာတ်များ၊ လူကိုအကျိုးပြုသည့် သတ္တုဓာတ်များနှင့် အန္တရာယ်ဖြစ်စေနိုင်သည့် သတ္တုဓာတ်များကို Protein Analyzer၊ Fat Analyzer၊ Fiber Analyzer စသည့် အဆင့်မြင့်နည်းပညာသုံးစက်ကိရိယာပစ္စည်းများဖြင့် ဓာတ်ခွဲတိုင်းတာပေးသည့်အပြင် စားသုံးဆီအမျိုးမျိုးတို့၏ အရည်အသွေးများ၊ သောက်ရေ သုံးရေနှင့် စွန့်ပစ်ရေများ၏ အရည်အသွေးများ၊ ရေများတွင် ပျော်ဝင်နေသော သတ္တုဓာတ်များနှင့် အန္တရာယ်ဖြစ်စေနိုင်သည့် သတ္တုဓာတ်များကို Atomic Absorption Spectrometer စက်များဖြင့် တိုင်းတာစစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

# မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သောအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများ ဆက်လက်ရောင်းချပေးလျက်ရှိ

**မန္တလေး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့်အထပ်သားပြားများကို ယနေ့တွင် စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် မြစ်သားမြို့နယ်၊ ကူမဲမြို့ရှိ အမှတ်(၅)ရပ်ကွက်၌ ပြည်သူများလက်ဝယ်သို့ ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



မြစ်သားမြို့နယ်၌ ငလျင်ဘေးသင့်ပြည်သူများအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးစဉ်။

## ၂၀-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ** (၅,၇၃၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄˚c | / ၃၅˚c |
| ရန်ကုန် | ၂၆˚c | / ၃၄˚c |
| မန္တလေး | ၂၇˚c | / ၃၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA) ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel) တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ်သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိသည်။

ယခုအခါ မိုးရာသီနှင့်သက်ဆိုင်သည့် ခေတ်ပေါ်စတီရီယို တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ “**အမှတ်တရမိုး**” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် (၂၃-၅-၂၀၂၅)ရက် (သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၂၃-၅-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “အမှတ်တရမိုး” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မူယာမာယာမိုး | ဌာနအဆိုရှင် |
| ၂။ | အမှတ်တရ | ပြင်ပအဆိုရှင် |
| ၃။ | မိုး | ဌာနအဆိုရှင် |
| ၄။ | အသည်းကွဲရက်ရာဇာ | ပြင်ပအဆိုရှင် |
| ၅။ | အခါလွန်မိုး | ပြင်ပအဆိုရှင် |
| ၆။ | မိုး | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | မိုးသီချင်း | ပြင်ပအဆိုရှင် |
| ၈။ | မိုးလေးဖွဲ့တုန်း | ပြင်ပအဆိုရှင် |
| ၉။ | မိုး | ပြင်ပအဆိုရှင် |
| ၁၀။ | မေမြို့မိုး | ပြင်ပအဆိုရှင် |

☆ **စာမျက်နှာ ၁၇ မှအဆက်**

အကြောင်းအမျိုးမျိုးကြောင့် ခေတ္တနေရပ်စွန့်ခွာနေရသူများအနေဖြင့်လည်း တည်ငြိမ်အေးချမ်းသည့်အချိန်တွင် မိမိတို့နေရပ်သို့ ပြန်လည်နေထိုင်နိုင်ရေး တာဝန်ရှိသူများအနေဖြင့်လည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ အရှေ့ဘက်နယ်စပ်ဒေသတွင် ဖြစ်ပေါ်ခဲ့သည့် တရားမဝင်လောင်းကစားမှုများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများ၊ တရားမဝင်လူကုန်ကူးမှုများနှင့်အကြမ်းဖက်မှုများကိုလည်း မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါတရားမဝင်လုပ်ငန်းများနှင့်အကြမ်းဖက်မှုများမှ ဖမ်းဆီးရမိသည့် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံစုံမှ ဖမ်းဆီးရမိသူများကိုလည်း ပြန်လည်လွှဲပြောင်းပေးလျက်ရှိကြောင်း၊ နယ်မြေဒေသအလိုက် အဆိုပါ တရားမဝင်လုပ်ငန်းများ လုပ်ဆောင်မှုမရှိစေရေးသတင်းရရှိပါက အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်သွားရန်လိုကြောင်း။

စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေသည့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေးအတွက်လည်း ဒေသအလိုက် ဖိဖိစီးစီးကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ မှန်ကန်သည့် သတင်းပေးတိုင်ကြားမှုများရရှိစေရေး နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့တရားမဝင်ကုန်သွယ်မှုများအားသတင်းပေးတိုင်ကြားမှုများကြောင့် ယနေ့အထိ အမှုတွဲပေါင်း ၄၀၀၀ ကျော်ဖမ်းဆီးရမိခဲ့ပြီး သတင်းပေးတိုင်ကြားသည့် တာဝန်သိပြည်သူများကိုလည်း ထိုက်တန်သည့်ချီးမြှင့်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ စိုက်ပျိုးရေးစွမ်းအား၊ ကုန်ထုတ်စွမ်းအားနှင့်ကုန်သွယ်မှုကူးသန်းရောင်းဝယ်မှုများ တိုးတက်ကောင်းမွန်စေရေး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများအားသက်ဆိုင်ရာအစိုးရများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ဟန်ချက်ညီညီဖြင့် ဆက်လက်ပြီးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုနိုင်သည့်အင်အားများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများဖြစ်ကြောင်း၊ ယနေ့အချိန်အထိ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် MSME လုပ်ငန်းပေါင်း ၈ သောင်းကျော်ရှိပြီး ၄၃၀၀ ကျော်အား SME Member ကတ်များထုတ်ပေးပြီးဖြစ်ကြောင်း၊ အဆိုပါ MSME လုပ်ငန်းများတွင် လုပ်သားဦးရေ ၄၆၄၀၀၀ ကျော်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ရှမ်းပြည်နယ်တို့၌ MSME လုပ်ငန်းများ ထိခိုက်မှုရှိခဲ့ကြောင်း၊ အဆိုပါထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် MSME လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

မကြာမီကာလအတွင်း ကျောင်းဖွင့်ရာသီသို့ရောက်ရှိတော့မည်ဖြစ်ပြီး အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ မေလ ၂၂ ရက်နေ့မှစတင်၍ ကျောင်းအပ်နှံရေး ရက်သတ္တပတ်စတင်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက်ရှိ ကျောင်းသား၊ ကျောင်းသူများအားလုံးကျောင်းတက်ရောက်၍ ပညာသင်ကြားနိုင်ရေးနှင့်တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကြာမီ မိုးရာသီသို့ရောက်ရှိတော့မည်ဖြစ်ပြီး ရေကြီးရေလျှံမှုအပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုများအနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရန်လိုကြောင်း၊ အလားတူ မိုးရာသီသစ်ပင်စိုက်ပျိုးမှုများကိုလည်း တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် ရှင်သန်ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

**နိုင်ငံ့ချုပ်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲပြီးဆုံးချိန်တွင် အနိုင်ရသည့်ပါတီအား မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ပြန်လည်အပ်နှင်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ တာဝန်များပြန်လည်လွှဲပြောင်းပေးသည်အထိ ဆောင်ရွက်ခဲ့မှုမှတ်တမ်းများကို စနစ်တကျဖြင့် ပြုစုထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သမိုင်းမှတ်တမ်းများနှင့်ပတ်သက်ပါက ပြုစုခြင်း၊ ထိန်းသိမ်းခြင်းတို့တွင် အားနည်းမှုများရှိခဲ့သည်ကို သမိုင်းကြောင်းအချက်အလက်များအရ တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် လုပ်ဆောင်ခဲ့သည်များ၊ ဆောင်ရွက်ခဲ့သည်များ၊ ပြောဆိုခဲ့သည်များကို စနစ်တကျဖြင့် မှတ်တမ်းပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းရပ်များကို စနစ်တကျမှတ်တမ်းပြုစုထားခြင်းဖြင့် လုပ်ဆောင်ရန်ကျန်ရှိသည်များကို ပြီးပြတ်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက်ပါက ကောင်းမွန်သည့်အရွေ့တစ်ခုကိုလည်း ရရှိစေနိုင်မည်ဖြစ်ကြောင်း။

> ❖ **ရွေးကောက်ပွဲပြီးဆုံးချိန်တွင် အနိုင်ရသည့်ပါတီအား မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ပြန်လည်အပ်နှင်းပေးသွားမည်ဖြစ်၊ မိမိတို့အစိုးရတာဝန်ထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ တာဝန်များပြန်လည်လွှဲပြောင်းပေးသည်အထိ ဆောင်ရွက်ခဲ့မှုမှတ်တမ်းများကို စနစ်တကျဖြင့် ပြုစုထိန်းသိမ်းဆောင်ရွက်သွားရန်လို. . .**

ရှေ့ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည်များကို မှာကြားနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်ပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့၏တင်ပြချက်များသည် အချက်အလက်များ မှန်ကန်မှုရှိရန်နှင့် မြေပြင်အချက်အလက်များနှင့် ကိုက်ညီမှုရှိရန်လိုကြောင်း၊ အချက်အလက်များမှန်ကန်မှုရှိမှသာလျှင် နောင်တွင်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များအတွက် မှန်ကန်သည့်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေးအတွက် လိုအပ်သည့် သွင်းအားစုများကို မှန်မှန်ကန်ကန်ဖြည့်သွင်းပေးနိုင်ရန်လိုအပ်မည်ဖြစ်ပြီး စိုက်နည်းစနစ်များလည်း မှန်ကန်မှုရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်သည့်အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများစွာရှိကြောင်း၊ ဥပမာအားဖြင့် ကမ္ဘာ့စတုတ္ထစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးနိုင်ငံဖြစ်ကြောင်း၊ ဘရာဇီးလ်နိုင်ငံသည် ပဲပုပ်တင်ပို့မှုများပြားကြောင်း၊ ယင်းနိုင်ငံများ၏ လုပ်ဆောင်မှုများ၊ အောင်မြင်မှုများကိုအတုယူ၍ ဆောင်ရွက်မည်ဆိုပါက မိမိတို့အနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမှန်တကယ်အလုပ်မလုပ်၍သာ အောင်မြင်မှုမရရှိခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် Agro-Base Industry ကို သွားနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ပြီး ဥပမာအားဖြင့် ဝါစိုက်ပျိုးမှုကို အောင်မြင်အောင်ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း၊ ဝါမှချည်ထည်၊ ၎င်းမှပိတ်စအထည်အလိပ်လုပ်ငန်းစဉ်တစ်ခုလုံးဆောင်ရွက်၍ရကြောင်း။

အလားတူ ဝါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ ဝါးပျော့ဖတ်ထုတ်လုပ်ခြင်းမှစ၍ ဝါးကြိတ်သားဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ကုန်များစသည်ဖြင့် များစွာပြုလုပ်၍ရနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါးအရင်းအမြစ်များစွာရှိပြီးဖြစ်သဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်ရှိ မြို့ကြီးများကို Green City ၊ Clean City ၊ Smart City ဖြစ်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိုးရာသီကာလသို့ရောက်ရှိတော့မည်ဖြစ်သဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများပြုလုပ်၍ ဆောင်ရွက်ကြရာတွင်တစ်ပင်စိုက်တစ်ပင်ရှင် အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့တာဝန်ယူထားသည့် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မန္တလေးမြို့၌ ငလျင်ဘေးသင့်၍ နေထိုင်ရန်ခက်ခဲနေသောဝန်ထမ်းများအတွက် ယာယီနေထိုင်ရန် Container House အလုံး ၁၅၀ တပ်ဆင်တည်ဆောက်



**မန္တလေး မေ ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်မှုဖြင့် ငလျင်ဘေးကယ်ဆယ်ရေးနှင့် ကူညီရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ငလျင်ဘေးကြောင့်နေထိုင်ရန်အခက်အခဲရှိသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများအတွက် ယာယီနေထိုင်ရန် Container House အလုံး ၁၅၀ တပ်ဆင်တည်ဆောက်နေကြောင်း သိရသည်။

"Container House တွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းတာဖြစ်ပါတယ်။ တပ်ဆင်ရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှအဆောက်အအုံနဲ့ကုန်ဌာနအပြင် ဆက်စပ်တဲ့ဌာနတွေပူးပေါင်းပြီး စက်ယန္တရားများ အကူအညီနဲ့ဆောင်ရွက်နေပါတယ်။ လျှပ်စစ်မီးရရှိရေး၊ သောက်ရေရရှိရေးနဲ့မိလ္လာစွန့်ပစ်ဖို့ကစလို့ ဆောင်ရွက်ပေးမှာပါ" ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ Container House များကို ၆၆ လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းတွင် နေရာချထားပေးပြီး မြေညှိခြင်းနှင့်တပ်ဆင်တည်ဆောက်ခြင်းများဆောင်ရွက်လျက်ရှိရာ မေလ ၂၀ ရက်အထိ Container House အလုံး ၂၀ ပြီးစီးပြီဖြစ်သည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"Container House တစ်ခုစီရဲ့ အမိုးအကာ၊ အခင်း၊ တံခါးစတဲ့လိုအပ်တာတွေက Packing နဲ့ ရောက်လာတာကို ဒီမှာပြန်လည်တပ်ဆင်တည်ဆောက်ရတယ်။ ပထမတစ်လုံးနှစ်လုံးတပ်ဆင်တုန်းက မကျွမ်းကျင်သေးလို့တည်ဆောက်ချိန်ကြာပေမယ့် နောက်တော့ကျွမ်းကျင်ပြီး မြန်လာတယ်" ဟု ဆက်လက်ပြောကြားသည်။

Container House များကို ၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ ၆၆ လမ်းအရှေ့ဘက်တွင် အရာထမ်းများအတွက် ၆၄ လုံး၊ လမ်းအနောက်ဘက်တွင် အမှုထမ်းများအတွက် ၈၆ လုံး စုစုပေါင်းအလုံး ၁၅၀ တပ်ဆင်တည်ဆောက်ပေးနေပြီး အဆောက်အအုံများကြားသွားလာနိုင်ရန် လမ်းများဖောက်လုပ်ခြင်းလုပ်ငန်းလည်းပါဝင်၍ Container တစ်လုံးလျှင် အလျား ပေ၂၀၊ အနံ ၁၀ ပေ၊ အမြင့် ၈ ပေခွဲခန့်ရှိကြောင်းသိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်မှုဖြင့် ငလျင်ဒဏ်သင့် အဆောက်အအုံများ ရှင်းလင်းဖယ်ရှားရေး၊ ငလျင်ဘေးကြောင့် နေထိုင်ရန်အခက်အခဲရှိသူများအား ယာယီအဆောက်အအုံများ တည်ဆောက်နေရာချထားရေး၊ သောက်သုံးရေရရှိရေး၊ သန့်ရှင်းရေး စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြဝတီ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဒုတိယနေ့တွင် အမှာစကားပြောကြားစဉ်။

**❖ ရှိရင်းစွဲ လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်အကောင်အထည်ဖော်ဆောင်နိုင်မှုမရှိခဲ့ခြင်းကြောင့် လျှပ်စစ်ဓာတ်အားဖူလုံမှုမရှိခြင်းဖြစ်၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ရပ်ဆိုင်းခဲ့ရမှုမရှိပါက မဂ္ဂါဝပ် ၆၀၀၀ ရရှိမည်၊ ရှိပြီးဖြစ်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းတို့ ပေါင်းစပ်လိုက်မည်ဆိုပါက လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပြည့်မီရုံသာမက ကျော်လွန်သည့်အနေအထားသို့ပင်ရောက်ရှိနိုင်မည် . . .**

**❖ မိမိတို့နိုင်ငံသည် နေသာသည့်နေ့ရက်များပြားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာလျှပ်စစ်စွမ်းအင်ထုတ်ယူခြင်းကို ဆောင်ရွက်သင့်၊ ဆိုလာများသည် အနာဂတ်တွင် လိုအပ်ချက်ကြီးမားလာနိုင်. . .**

**❖ လောင်စာဆီသုံးစွဲမှုလျှော့ချနိုင်ရေးအတွက် လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်(EV)ကားတင်သွင်းမှုများကို ခွင့်ပြုပေးထားသော်လည်း နိုင်ငံခြားငွေလိုအပ်ချက်များရှိနေသည့်အတွက် ကန့်သတ်ချက်ရှိနေ၊ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး(Public Transportation)များကို ပိုမိုအားပေးဆောင်ရွက်ပြီး အသုံးပြုမှုများပြားလာမည်ဆိုပါက နှစ်စဉ်ပြည်ပမှ လောင်စာဆီတင်သွင်းနေရမှုများကိုလျှော့ချနိုင်မည်ဖြစ်၊ လျှပ်စစ်စွမ်းအင်သုံးပို့ဆောင်ရေးစနစ်သို့သွားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်၊ မကြာမီကာလအတွင်း ဘက်ထရီစနစ်သုံးမီးရထားစက်ခေါင်းများလည်း ရောက်ရှိတော့မည်ဖြစ်ပြီး စတင်အသုံးပြုနိုင်တော့မည်ဖြစ်. . .**

☆ ရှေ့ဖုံးမှအဆက်

**လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား အသီးသီးရှင်းလင်းတင်ပြ**

အစီအစဉ်အရပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုပ်ငန်းလည်ပတ်လျက်ရှိမှုအခြေအနေများ၊ အထွေထွေတင်ပြချက်များနှင့်စပ်လျဉ်း၍ အသီးသီးဆွေးနွေးတင်ပြကြသည်။

**တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးမှာကြား၊ လျှပ်စစ်စွမ်းအင်ဆိုင်ရာ**

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားရာတွင် လျှပ်စစ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လိုအပ်ချက်ပြည့်မီမှု မရှိသေးကြောင်း၊ လျှပ်စစ်စွမ်းအင်မရှိပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိုက်သင့်သလောက်ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို ယခင်ကာလများကတည်းကပင် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း အဆိုပါ **ရှိရင်းစွဲလျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်အကောင်အထည်ဖော်ဆောင်နိုင်မှုမရှိခဲ့ခြင်းကြောင့် လျှပ်စစ်ဓာတ်အားဖူလုံမှုမရှိခြင်းဖြစ်**ကြောင်း၊ ထင်ရှားသည့်ဥပမာတစ်ခုကိုပြမည်ဆိုပါက **မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ရပ်ဆိုင်းခဲ့ရမှုမရှိပါက မဂ္ဂါဝပ် ၆၀၀၀ ရရှိမည်**ဖြစ်ကြောင်း၊ **ရှိပြီးဖြစ်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းတို့ ပေါင်းစပ်လိုက်မည်ဆိုပါက လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပြည့်မီရုံသာမက ကျော်လွန်သည့်အနေအထားသို့ပင် ရောက်ရှိနိုင်မည်**ဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပြည့်ဖြိုးမြဲလျှပ်စစ်စွမ်းအင်ကို ထုတ်ယူသုံးစွဲခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင်တွင် ရေအား၊ လေအားနှင့် နေအားဟူ၍ ရှိကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများကို မိမိတို့နိုင်ငံအတွင်းစီးဆင်းနေသည့် မြစ်ချောင်းများပေါ်၌ ဆောင်ရွက်၍ရနိုင်သည်ဖြစ်သော်လည်း အချို့သောနေရာများ၌ လုံခြုံရေးအခြေအနေအရ စီမံကိန်းများ ရပ်တန့်ထားရခြင်းများနှင့် လုပ်ငန်းဆောင်ရွက်၍ မရနိုင်သည်များလည်းရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လုပ်ဆောင်၍ ရနိုင်သည့်နေရာများကို ဖော်ထုတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ အနိမ့်တမံ Low-Head Dam များ ပြုလုပ်၍လည်း ရေအားလျှပ်စစ်ထုတ်ယူ၍ ရနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် နေသာသည့်နေ့ရက်များပြားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်စွမ်းအင်ထုတ်ယူခြင်းကို ဆောင်ရွက်သင့်ကြောင်း၊ ဆိုလာထုတ်လုပ်ရေးလုပ်ငန်းများကိုလည်းဆောင်ရွက်ရမည်ဖြစ်ပြီး ဆိုလာများသည် အနာဂတ်တွင် လိုအပ်ချက်ကြီးမားလာနိုင်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌လည်း Small Scale ဆိုလာစက်ရုံများကို ဆောင်ရွက်သင့်ကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ပတ်သက်၍ မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည်ဟူသည့် မူဝါဒကိုချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ စက်သုံးဆီနှင့်ပတ်သက်၍လည်း နှစ်စဉ်အမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့်တန်ဖိုးရှိ စက်သုံးဆီများကိုတင်သွင်းနေရကြောင်း၊ လောင်စာဆီသုံးစွဲမှုလျှော့ချနိုင်ရေးအတွက် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်(EV)ကား တင်သွင်းမှုများကို ခွင့်ပြုပေးထားသော်လည်း နိုင်ငံခြားငွေလိုအပ်ချက်များရှိနေသည့်အတွက် ကန့်သတ်ချက်ရှိနေကြောင်း၊ ကုန်သွယ်မှုပိုငွေပြနေသော်လည်းပဲ အခြားသုံးစွဲမှုများအနုတ်များ များပြားမှုရှိနေခြင်းကြောင့် နိုင်ငံခြားငွေဈေးမြင့်တက်နေကြောင်း၊ ဥပမာအားဖြင့် ပြည်ပသို့အကြောင်းအမျိုးမျိုးဖြင့်ထွက်ခွာမှုများနှင့် နိုင်ငံခြားငွေသုံးစွဲမှုများပြားလျက်ရှိကြောင်း၊ နိုင်ငံခြားငွေလိုအပ်ချက်များရှိနေသဖြင့် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်(EV)ကား တင်သွင်းမှုများတွင် ကန့်သတ်ချက်များဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ယခင်နေ့အစည်းအဝေးတွင် ရှင်းပြခဲ့ပြီးဖြစ်သည့် စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်နှင့် သီးထပ်စွမ်းအားများရာနှုန်းပြည့် ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး(Public Transportation)များကို ပိုမိုအားပေးဆောင်ရွက်ပြီး အသုံးပြုမှုများပြားလာမည်ဆိုပါက နှစ်စဉ်ပြည်ပမှ လောင်စာဆီ တင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးနှင့်ပတ်သက်၍လည်း လျှပ်စစ်စွမ်းအင်သုံး

ပို့ဆောင်ရေးစနစ်သို့သွားနိုင်ရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သရွေ့ ဆောင်ရွက်သွားမည်ဖြစ်ပြီး မကြာမီကာလအတွင်း ဘက်ထရီစနစ်သုံး မီးရထားစက်ခေါင်းများလည်း ရောက်ရှိတော့မည်ဖြစ်ပြီး စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် လိုင်စင်မဲ့ယာဉ်များဖော်ထုတ်ရေး**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပတ်သက်၍ တပ်ဖွဲ့ဝင်များ အရည်အသွေးပြည့်မီစေရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်များ၏ သက်သာချောင်ချိရေး၊ နေရေးထိုင်ရေးနှင့် ဝတ်စားဆင်ယင်မှုများနှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာစားသောက်မှုရှိစေရေး၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိစေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူထုနှင့်ထိတွေ့ဆက်ဆံနေရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်သဖြင့် ၎င်းတို့၏ သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ စီးနင်းနေမှုများကိုလည်း ဖော်ထုတ်သွားရန်လိုကြောင်း၊ နံပါတ်ပြားများအတုပြုလုပ်ခြင်း၊ လိုင်စင်များအတုပြုလုပ်ခြင်းများ လုပ်ဆောင်နေမှုများကိုတွေ့ရှိရပြီး တာဝန်ရှိသူများအနေဖြင့် ပါဝင်ပတ်သက်နေသူများအားလုံးကို စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့စီးနင်းနေမှုများကြောင့် နိုင်ငံတော်အနေဖြင့် အခွန်အခများစွာနစ်နာမှုရှိမည်ဖြစ်သကဲ့သို့ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင်လည်း အခက်အခဲများဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်တွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များစီးနင်းမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဖြစ်ပြီး သက်ဆိုင်ရာပြည်နယ်၊ ဦးစီးအဖွဲ့များနှင့်ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းရင်းသားဒေသများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်စေရေး ပညာရေးကို အားပေးမြှင့်တင်ရမည်ဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် အားပေးဆောင်ရွက်ခဲ့ကြကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့်ဒီဂရီကောလိပ်များကိုလည်း သီးခြားအနေဖြင့် ဖွင့်လှစ်ပေးထားပြီး ဘွဲ့ရရှိသူများအနေဖြင့် မိမိတို့ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပြန်လည်ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ၌ စည်းစနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဦးဆောင်၍ လက်တွေ့ကျသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဘွဲ့ရများအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့်တာဝန်များကို ထမ်းဆောင်၍ နိုင်ငံတော်ကို အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း။

**အားကစားနှင့် လူငယ်ရေးရာကဏ္ဍ**

အားကစားနှင့်လူငယ်ရေးရာကဏ္ဍနှင့်ပတ်သက်၍ **အားကစားသည်နိုင်ငံတော်ကိုချစ်သည့်စိတ်နှင့် စည်းလုံးညီညွတ်မှုကိုဖြစ်ပေါ်စေပြီး အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ခြင်းပင်ဖြစ်**ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို မြို့ကြီးများတွင်သာမက လုပ်ဆောင်၍ရနိုင်သည့်နေရာများ၌ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး၌ မီတာ ၄၀၀ ပြေးလမ်းနှင့် အထူးတန်းပွဲကြည့်စင်ပါရှိသည့် အားကစားကွင်းရှိရမည်ဖြစ်ကြောင်း၊ Indoor Game အားကစားများဆောင်ရွက်နိုင်သည့် မိုးလုံလေလုံအားကစားရုံနှင့် ရေကူးကန်များလည်းရှိရမည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများကျင်းပပြုလုပ်ရာတွင် အဆင့်မီသည့်ပြိုင်ပွဲများဖြစ်ရန်လိုသကဲ့သို့ အားကစားသမားများသည် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားကြရန်လိုကြောင်း၊ အားကစားမြှင့်တင်ရာတွင် အခြေခံအဆောက်အဦနှင့် အထောက်အကူပြုပစ္စည်းများဖြည့်ဆည်းပေးရမည်ဖြစ်သကဲ့သို့ အရည်အချင်းပြည့်ဝသည့် နည်းပြများကိုလည်း စနစ်တကျဖြင့် ခန့်အပ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အားကစားသမားများရွေးချယ်ရာ၌လည်း စနစ်တကျဖြင့် စိစစ်ရွေးချယ်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များကို အခြေခံပညာကျောင်းများ ကတည်းကပင် စနစ်တကျ စိစစ်မွေးထုတ်သွားရန်လိုကြောင်း၊ **လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြမည်ဖြစ်သဖြင့် စိတ်ဓာတ်စည်းကမ်းကောင်းပြီး စာပေပညာ၊ အတတ်ပညာပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးခြင်းသည် တိုင်းပြည်၏ အနာဂတ်ကို တည်ဆောက်နေခြင်းပင်ဖြစ်**ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွေးနွေးပြောကြားစဉ်။

**❖ အားကစားသည် နိုင်ငံတော်ကိုချစ်သည့်စိတ်နှင့် စည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေပြီး အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ခြင်းပင်ဖြစ်. . .**

**❖ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍လည်း ဆုံးရှုံးမှုပမာဏအလိုက်တွက်ချက်၍ ထောက်ပံ့မှုများပြုလုပ်သွားမည်ဖြစ်၊ အမှန်တကယ်နစ်နာသူများထံသို့ ရောက်ရှိစေရေး တာဝန်ရှိသူများက ကြပ်ကြပ်မတ်မတ်ဖြင့် စိစစ်ထုတ်ပေးသွားရန်လို၊ ပြည်ပနိုင်ငံများမှ လက်ခံရရှိသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကိုလည်း လိုအပ်နေသူများထံသို့ အမြန်ဆုံးရောက်ရှိနိုင်ရေး ဆောင်ရွက်သွားရန်လို၊ ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့်ဆုံးရှုံးမှုတို့ကို သင်ခန်းစာယူ၍ နောင်တွင် အဆောက်အအုံများဆောက်လုပ်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် အနာဂတ်ကိုမြော်တွေး၍ တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်သွားရန်လို. . .**

**ငလျင်သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် သင်ခန်းစာယူ ဆောင်ရွက်သွားကြရန်**

မတ်လ ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် သင်ခန်းစာရရှိခဲ့ပြီးဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့ရမှုများနှင့်ပတ်သက်၍ ဆုံးရှုံးမှုပမာဏအလိုက်တွက်ချက်၍ ထောက်ပံ့မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အမှန်တကယ်နစ်နာသူများထံသို့ ရောက်ရှိစေရေး တာဝန်ရှိသူများက ကြပ်ကြပ်မတ်မတ်ဖြင့် စိစစ်ထုတ်ပေးသွားရန်လိုကြောင်း၊ ပြည်ပနိုင်ငံများမှ လက်ခံရရှိသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကိုလည်း လိုအပ်နေသူများထံသို့ အမြန်ဆုံးရောက်ရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် ဆုံးရှုံးမှုတို့ကို သင်ခန်းစာယူ၍ နောင်တွင် အဆောက်အအုံများ ဆောက်လုပ်ရာ၌ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် အနာဂတ်ကိုမြော်တွေး၍ တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် စနစ်တကျစိစစ်ပြီးမှသာ ခွင့်ပြုပေးသွားရန်လိုကြောင်း၊ လမ်း၊ တံတားများတည်ဆောက်မှုနှင့်ပတ်သက်၍လည်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ အင်ဂျင်နီယာရှုထောင့်မှ ရှုမြင်၍ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျဖြင့် တည်ဆောက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကားလမ်းများလမ်းဘေးဝဲယာ၌စိမ်းလန်းစိုပြည်မှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူဖြစ်စေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို သတ်မှတ်အကွာအဝေးများအလိုက်၊ အပင်အတန်းအခြားအလိုက် စိုက်ပျိုးသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကားလမ်းဘေးများအပြင် ရထားလမ်းဘေးများ၌လည်း သတ်မှတ်ချက်များနှင့်အညီ သစ်ပင်များ စိုက်ပျိုးသွားမည်ဆိုပါက ခရီးသွားပြည်သူများအတွက် မျက်စိပသာဒဖြစ်စေနိုင်မည့်အပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

ထို့နောက် လမ်းမကြီးများကို စံချိန်စံညွှန်းများနှင့်အညီ ဖောက်လုပ်ရေး၊ စနစ်တကျတွက်ချက်၍ အရိပ်ရပင်များစိုက်ပျိုးရေးအတွက် စံပြပုံစံ Video Clip ကိုပြသသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြရာတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက နိုင်ငံတော်အနေဖြင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်နေချိန်တွင် အကြမ်းဖက်အဖျက်သမားများအနေဖြင့် အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းအပ်နှံရေးရက်သတ္တပတ်အတွင်း လာရောက်အပ်နှံကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အထူးအလေးထားဆောင်ရွက်သွားကြရန် လိုအပ်မှု၊ ဘာသာသာသနာညှိုးနွမ်းစေမည့်အပြုအမူများနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဆိုင်ရာများအပေါ် ထိခိုက်ပျက်စီးစေမည့်အပြုအမူများအပေါ် နိုင်ငံတော်အနေဖြင့် အရေးယူဆောင်ရွက်လျက်ရှိမှု၊ ယခု နှစ်ဆန်းပိုင်းကာလအတွင်း မူးယစ်ဆေးဝါးနှင့် လက်နက်၊ ခဲယမ်းများ ဖမ်းဆီးရမိမှုများရှိခဲ့ပြီး စစ်ဆေးရေးဂိတ်များအနေဖြင့် စစ်ဆေးမှုများကို စနစ်တကျဆက်လက်ဆောင်ရွက်သွားရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုနှင့်ကုန်စည်စီးဆင်းမှုများကိုလည်း ထိခိုက်မှုမရှိအောင်ဆောင်ရွက်သွားရန် လိုအပ်မှုနှင့်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ယခုနှစ် လကုန်ပိုင်းတွင်ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးသည် အဓိကကျခြင်းကြောင့် ရွေးကောက်ပွဲဆောင်ရွက်၍ရနိုင်သည့်နေရာများအားလုံး၌ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ရွေးကောက်ပွဲကျင်းပပြီးစီးချိန်၌ အနိုင်ရရှိသည့်ပါတီအား အာဏာလွှဲပြောင်းပေးအပ်ချိန်၌ စနစ်တကျဖြင့် လွှဲပြောင်းပေးအပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့အရေးကိုဆောင်ရွက်ခြင်းဖြစ်သဖြင့် မိမိတို့အစိုးရအဖွဲ့တာဝန်ယူဆောင်ရွက်ချိန်မှစ၍ အာဏာရပါတီအား လွှဲပြောင်းချိန်အထိ ပြည်သူများအထင်အမြင်လွဲမှားမှုမရှိစေရေး မိမိတို့ကိုယ်တိုင်နှင့် မိမိတို့လက်အောက်ဝန်ထမ်းများအား စနစ်တကျဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

**စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Work coordination meeting of State Administration Council government continues



Senior General Min Aung Hlaing delivers address at the meeting.

NAY PYI TAW May 20

The 2nd day of the work coordination meeting of the State Administration Council government was held at the SAC Chairman's Office here this morning, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, SAC Joint Secretary General Ye Win Oo, SAC members, union level dignitaries, union ministers, the Nay Pyi Taw Council chair, region/state chief ministers, and deputy ministers.

**Reports on progress of work presented**

According to the agenda, union ministers reported on ministry-wise work implementation, accomplishments, conditions of the work, and general issues.

**Supplementary discussions on reported issues**

As regards the reports on electricity, the Senior General said electricity demand is not completely fulfilled in the country. Without electricity, no development undertakings can reach the satisfactory level. In the past, electricity production plans were adopted, but **they could not be continued due to certain reasons. So, the country is facing electricity inadequacy. A vivid example is the Myitsone hydropower project. If the project was not halted, it would generate 6000 megawatts of power, and by adding the existing power stations, the country would get a surplus volume of electricity.** The best means for a developing country like Myanmar is the generation of renewable energy, which comes from hydropower, wind power and solar power. The country can get hydropower from the natural watercourses, but in some areas, projects had to be halted and in others no project could be implemented due to security reasons. Hence, we should implement power projects in areas where implementation of such under takings is possible. Electricity can be generated by low-head dams. As the country has a lot of sunny days, it should harness solar power as the demand for it will rise in the future. Regions and states should set up small-scale solar power stations. A policy that calls for the inevitability of renewable energy must be adopted.

The country is importing US$-5 billion worth of fuel oil annually. Although EV importation is granted to reduce fuel oil consumption, FE requirements have caused restrains in the business. Although the country is experiencing a trade surplus, the value of FE is still climbing due to the spendings for other uses. One example is the rise in the number of people leaving the country for various reasons and FE expenditures. FE shortages have limited the number of EV imports. As already explained at yesterday's meeting, reaching the multiple cropping target will increase FE income for the country. The country can reduce fuel oil imports through the rise in the use of the public transportation sector propelled by proper encouragement. Continued efforts should be made to introduce an electric transportation system. The government will do its best to reach this goal. Battery run locomotives will arrive in the country, and they will be in operation soon.

**Enhancement of MPF members' capacity, eradicating drugs and exposing vehicles without registration**

Training must be given to members of Myanmar Police Force to enhance their capacity. Emphasis must be placed on fulfilling needs of welfare for MPF members, accommodation and uniform. MPF members must be supervised to systematically live and travel with security awareness. As those members contact the people, it is necessary to provide welfare of those members.

It is necessary to expose driving of vehicles and motorbikes without registration. Action must be taken against those who participated in making fake number plates and vehicle licences. Due to these vehicles without registration, the State loses a large sum of revenue and hardships in security measures. Hence, authorities of regions and states have to restrict driving of vehicles and motorbikes without registration.

**Progress of border regions and ethnics**

The Ministry of Border Affairs needs to develop socio-economic life of ethnic people from border regions in cooperation with leading bodies of relevant states. The State has been encouraging education in successive eras in order to swiftly develop regions of ethnics.

The University for Development of National Races, and degree colleges have been established separately for graduates to serve duties in their regions for education, health, agriculture and livestock sectors and socio-economic development. The ministry needs to take a leading role in initiating the systematic agriculture and livestock farms as practical development undertakings in border regions. Graduates from the university and degree colleges have to serve duties at the region and state level and State level for benefiting the nation.

See Page - 19

●● From Page - 18

**Sports and youth sector**

**Sports instill patriotism and unity among citizens, and promoting sports directly contributes to enhancing the nation's dignity.** Sports competitions at the regional and state levels should not only be held in major cities but also in all accessible locations where such events can be organized. Every region and state must have stadiums equipped with a 400-metre track and grandstands. There should also be gymnasiums suitable for indoor games, as well as swimming pools. When organizing sports competitions, it is important to ensure that the events are of a high standard, and athletes must compete with full sportsmanship and spirit. In promoting sports, it is essential to provide proper infrastructure and necessary equipment. Qualified coaches must be systematically appointed, and the selection of athletes must also be carried out in a systematic and thorough manner. It is necessary to nurture young talent systematically from basic education schools. **As youth are the future builders of the nation, nurturing disciplined, well-educated, and skilled young people is fundamentally building the future of the country.**

**Take lessons from loss and damage caused by earthquake**

Regarding the damage caused by the major earthquake that occurred on 28 March in Mandalay, it is necessary to take valuable lessons. Assistance will be provided based on the extent of the damage and calculated losses. It is necessary for responsible authorities to thoroughly and strictly verify that the aid reaches the genuine victims. Efforts must also be made to ensure that the relief supplies received from foreign countries reach those in need as quickly as possible. The losses must be taken as lessons, and going forward, buildings must be constructed to meet established standards and specifications. Officials must also set future plans, ensuring sustainability and resilience. Authorities must only grant approvals after conducting systematic inspections. It has also been observed that some road and bridge constructions do not meet the required standards. From an engineering perspective, it is essential that construction is carried out systematically to ensure safety, long-term durability, and structural stability. In order to ensure greenery and lushness along roadsides and to support the natural environment, it is necessary to plant trees at designated intervals and in accordance with specified planting patterns. In addition to roadsides, trees will also be planted along railway lines according to set guidelines. Doing so can provide visual pleasure for travellers as well as promote environmental greenery. A video clip on construction of highways in line with standards and growing trees under systematic plans was presented.

Later, during the general discussion among attendees, SAC Joint Secretary General Ye Win Oo stated that while the state is undertaking efforts to promote education, destructive elements are engaging in sabotage. Therefore, it is crucial to prioritize the safety and security of students retaking the matriculation exams, as well as students and parents arriving for school enrollment during the designated week. He emphasized the state's firm actions against behaviors that undermine religion and national spirit. Additionally, in the early months of this year, significant seizures of narcotics, weapons, and ammunition were made. Inspection checkpoints must continue systematic inspections while ensuring smooth traffic flow and unimpeded trade. The Senior General then supplemented necessary discussions.

Following this, the Vice-Senior General addressed the meeting, stating that a multi-party democratic general election will be held by the end of this year. Thus, regional and state chief ministers must prepare in advance to ensure the election's success. Comprehensive election-related data must be systematically managed in each region and state. Since security and stability are fundamental for a free and fair election, peaceful conditions must be maintained in all areas where elections will be conducted.

He further noted that preparations must be made for a smooth transition of power to the winning party post-election. As they are handling state affairs, it is essential to ensure public trust by overseeing their own conduct and that of subordinate staff from the current administration until the handover.

Regarding displaced persons due to various reasons, authorities must facilitate their return home once stability is restored. Concerning security, illegal gambling, online fraud, human trafficking, and violent activities along the eastern border have been addressed in collaboration with neighboring countries. Arrested individuals from neighboring and other nations involved in such crimes have been repatriated. Authorities must promptly crack down on any illegal activities when reported in respective areas.

On economic matters, illegal border trade harming national development must be strictly controlled. Multiple channels should be used to encourage accurate reporting of illegal trade, which has so far led to over 4,000 cases and rewarded informants appropriately.

To boost economic growth, enhance domestic production competitiveness, and improve agricultural and trade capacities, anti-illegal trade efforts must be treated as a national duty, implemented in coordination between government and private sectors.

Key drivers of economic development include agriculture, livestock, and Micro, Small, and Medium Enterprises (MSMEs). Nationwide, over 80,000 MSMEs operate, with more than 4,300 receiving SME membership cards, employing over 464,000 workers. Regional MSME development efforts are ongoing. The recent Mandalay earthquake affected MSMEs in Mandalay, Sagaing, Nay Pyi Taw, and Shan State, and support is being provided for their recovery.

With the upcoming school season, basic and higher education institutions will reopen. Enrollment week begins on May 22, so regional authorities must ensure full attendance and smooth grade transitions. As the monsoon approaches, preparations must be made to minimize damage from floods and natural disasters. Concurrently, tree-planting efforts should follow a one planted, one survived approach for successful growth.

**Concluding Remarks**

The Senior General concluded by stating that, following the completion of the election, state responsibilities will be handed over to the winning party. He emphasized the need to systematically document all activities carried out from the time the government assumed office until the transfer of responsibilities.Historical records indicate that our country has faced shortcomings in compiling and preserving official documentation. Therefore, it is necessary to systematically record the actions taken, the work accomplished, and the statements made by the government. Systematic documentation of the remaining tasks will help ensure their completion. Implementing a process of check, recheck, and countercheck can represent a positive move.

The State Administration Council government convened a coordination meeting to discuss the essential steps for advancing its agenda.The attending Region and State Chief Ministers, along with Union Ministers, need to ensure their presentations are accurate and consistently reflect the data from the ground.Only when the data is accurate can the right decisions be made for future work.

To achieve the goals and objectives of agricultural activities, it is essential to provide the appropriate inputs accurately and to apply proper planting methods.Strong foundations are already in place to successfully carry out agriculture-based farming activities.There are many developing countries in the world that rely heavily on agricultural products. For example, India, the world's fourth-largest economy, is the largest exporter of rice globally, while Brazil is a major exporter of soybeans.By emulating the activities and successes of these countries, similar development can be achieved.Success has not been achieved because sufficient work has not been undertaken.Efforts should be made to develop an Agro-Base Industry grounded in agriculture. For example, successful cultivation of cotton can pave the way for the development of cotton-based industries.The production process, from cotton to fabric and textiles can be carried out.

Similarly, bamboo-based industries can be developed, ranging from the production of bamboo pulp to the manufacture of household items and food products made from bamboo fibers. Given the country's abundant bamboo resources,actions need to be taken.

Efforts need to be made to develop major cities in the regions and states, including Nay Pyi Taw, as Green Cities, Clean Cities, and Smart Cities. As the rainy season approaches, it is crucial that each tree planted during tree-planting events survives. The Senior General concluded the second meeting in the evening after instructing the Chief Ministers of Regions and States, as well as Union Ministers, to exert efforts toward ensuring development within their respective ministries, regions, and states.

**100**

# Cucumber from Yekyi Township in high demand at domestic market

YEKYI May 20

Cucumber from Yekyi Township of Ayeyawady Region is in high trading at the domestic market, said Daw Ei Phyo, the green grocery trader in Yekyi Township.

The domestic market manages sale of 20,000 to 35,000 pieces of cucumber per day in Yekyi Township starting from January 2025. At present, cucumber fetches Ks-9,500 per 100 pieces.

Daw Ei Phyo disclosed: "Other townships purchase cucumber from Yekyi Township with high demand. In fact, cucumber is a domestic product of Yekyi Township. Now, the market manages quality crops. Local people can consume quality and healthy cucumber. Thanks to high demand of cucumber, local farmers can earn increased incomes."

Yekyi Township harvests various seasonal vegetables including cucumber. Local farmers prepare to expand sown acreage of cucumber to produce more number of vegetables. Trading of domestic products can reduce transport charge to the market. **SMK**


# China to launch world's first drone 'mother ship'

BEIJING May 20

China is preparing to launch what it says is the world's first "drone carrier" aircraft, capable of releasing swarms of AI-guided kamikaze drones during high-altitude missions.

The Jiu Tian, or 'High Sky' UAV, is scheduled to complete its first test mission by the end of June, according to the state broadcaster CCTV.

The aircraft is said to have a maximum takeoff weight of 16 tonnes and a wingspan of 25 meters. It can reportedly cruise at altitudes up to 15,000 meters (50,000 feet) – higher than most common medium-range air defense systems – and has a range of approximately 7,000 kilometers (4,350 miles).




The jet-powered Jiu Tian is reportedly capable of carrying up to 6 tonnes of ammunition with the ability to release up to 100 units of loitering munitions or small drones, including kamikaze UAVs, from two launch bays located on either side of the fuselage.

After the aircraft completes a series of test missions, the People's Liberation Army(PLA) plans to deploy it as a "drone mother ship" UAV, which will make it possible to extend the operational radius of attack drones and boost their swarming capabilities. It will also be possible to use it in intelligence, surveillance, and reconnaissance assignments, as well as electronic warfare.

Outside of military applications, the drone carrier could be employed for emergency logistics, border patrol, search and rescue missions, and natural disaster response.

The plane, which was first unveiled at China's Zhuhai air show in November, has been designed by the state-owned aerospace giant Aviation Industry Corporation of China and built by Xian Chida Aircraft Parts Manufacturing.

As noted by the Economic Times, the Jiu Tian largely mirrors the capabilities of Western UAV systems like the MQ-9 Reaper and the RQ-4 Global Hawk, while adding swarm-launch functionality, which has yet to be introduced in the US arsenal.

**RT**

# Trump says call with Putin went 'very well'

WASHINGTON May 20

US President Donald Trump said Monday that his call with Russian President Vladimir Putin earlier in the day went "very well" and that the tone and the spirit of the conversation were "excellent."

"Just completed my two hour call with President Vladimir Putin of Russia. I believe it went very well...The tone and spirit of the conversation were excellent. If it wasn't, I would say so now, rather than later," Trump wrote in a post on Truth Social.

"Russia and Ukraine will immediately start negotiations toward a Ceasefire and, more importantly, an END to the War," the US president said.

Trump indicated that he had briefed Volodymyr Zelensky and European leaders including Ursula von der Leyen, France's Macron, Italy's Meloni, Germany's Merz, Finland's Stubb on the call and about the start of immediate talks.

The president further indicated that the conversation with Putin also included a discussion on trade and the opportunity to turn swords into plowshares.

"Russia wants to do large scale TRADE with the United States when this catastrophic 'bloodbath' is over, and I agree. There is a tremendous opportunity for Russia to create massive amounts of jobs and wealth. Its potential is UNLIMITED," Trump emphasized. Likewise, Ukraine can be a "great beneficiary" on trade during the process of rebuilding, he added.

**Sputnik**

# Russia, North Korea to exchange high-level delegations in 2025 - Ambassador

MOSCOW May 20

Russia and North Korea will exchange high-level delegations by the end of 2025, Russian Ambassador to Pyongyang Alexander Matsegora said.

"I think that by the end of the year we will exchange several more high-level delegations, including on the occasion of the 80th anniversary of the Liberation of Korea (August 15) and the 80th anniversary of the founding of the Workers' Party of Korea (October 10)," Matsegora said in an interview with the Izvestianewspaper.

**Sputnik**

# Death toll rises to 9 after flash floods, landslides hit Indonesia's West Papua



JAKARTA May 20

Rescuers recovered three more bodies on Tuesday after flash floods and landslides struck Indonesia's West Papua province last week, bringing the death toll to nine, with 11 people still missing, a senior rescue official said.

"Today, three bodies were evacuated, raising the total casualties to nine. The search and rescue operation is now focused on locating the 11 missing individuals," Yefri Sabaruddin, head of the West Papua Search and Rescue Office, told Xinhua.

According to Sabaruddin, heavy rains triggered the flash floods and landslides in Gunung Arfak Regency on Thursday night, but severely limited communication access delayed the relay of information to rescuers.

**Xinhua**

# Over 28,000 women, girls killed in Gaza since October 2023: UN

UNITED NATIONS May 20

More than 28,000 women and girls have been killed in Gaza since the beginning of the war in Gaza in October 2023, according to UN Women.

The figure means one woman and one girl on average were killed every hour in attacks by Israeli forces, said UN Women in a press release on Tuesday.

Among those killed, thousands were mothers, leaving behind devastated children, families and communities, said the UN body for gender equality and the empowerment of women, noting that the figures underscore the shattering human toll of the conflict, and of lives and futures lost too soon.

Since the ceasefire collapsed in March, conditions have deteriorated further in Gaza, compounded by nearly nine weeks of ongoing blockade on humanitarian aid, said the agency.

The entire population in Gaza is rapidly running out of food and essential supplies, with increasing risks of famine, which means every woman and girl is facing catastrophic levels of hunger. They are trapped, facing displacement, rising maternal mortality rates, and a severe lack of safety and protection mechanisms, it said.

The agency said that despite these dire circumstances, UN Women continues to work with women-led civil society organizations in Gaza, trying to deliver essential services and support to the affected populations, but the scale of the suffering far exceeds current capacity or resources.

Without an immediate significant surge in access to humanitarian aid, support and funding, countless lives hang in the balance, warned UN Women.

It called for an immediate ceasefire, the immediate restoration of unhindered humanitarian access, and the unconditional release of all hostages and those arbitrarily detained.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Scientists pinpoint the two diets that could help relieve depression and anxiety

Two simple diet changes could reduce the symptoms of debilitating mental health conditions, a study suggests.

A major review by researchers at Bond University in Queensland, Australia, found that calorie restrictive diets may reduce symptoms of depression and anxiety.

The research–which included 25 studies involving 57,000 adults–also found that low fat diets may help relieve anxiety.

Researchers found that the benefits of a low fat diet on mental health were primarily seen among people at 'elevated cardiometabolic risk'.

This included those suffering from conditions like obesity or insulin resistance the latter considered a potential precursor to type 2 diabetes.

A calorie restrictive diet is an eating pattern where you limit the amount of calories you consume per day in a bid to lose weight, usually around 1500 calories total.

Dieters are also advised to avoid processed foods and products high in sugar.

On the other hand, a low fat diet is considered getting less than 30 percent of your energy intake from fats, a level recommended by the World Health Organisation.

Publishing their findings in the journal the Annals of Internal Medicine, the experts said while calorie restrictive and low fat diets may help combat depression and anxiety the quality of the data supporting this was low.

As such they recommended any patient suffering from these problems discuss potential dietary changes with a health care professional beforehand.



The authors didn't speculate on how diet may help combat mental health issues, but previous studies have established a link between food and mood.

In 2017 Australian researchers, published a study in the journal BMC Medicine, where 33 people with major, drug-resistant depression were put on the Mediterranean diet for three months.

They were then compared with 34 people with the same condition who continued with their usual diets.

The Mediterranean diet group experienced 'significantly greater improvement' in symptoms than the control group.

Additionally, last year data from 3,000 adults showed that, after six years, those who followed Mediterranean diet had a 16 percent lower risk of developing depression than people who didn't.

The Mediterranean typically involves focusing on fresh produce, lean meat like fish and chicken, and whole grains, while eating less red meat and sweets.

Professor Felice Jacka, an expert in nutritional psychiatry and director of the Food and Mood Centre at Deakin University in Geelong, Australia, previously told Mail Online she is convinced there is link between diet and depression

'Where mental health is concerned, our gut microbes are running us,' said Professor Jacka.

She said that a diet rich in unprocessed foods with lots of fruits, vegetables, beans, pulses and grains is the key.

Professor Jacka said this fibre-rich diet richly supports a healthy gut microbiome, the population of bacteria, viruses and fungi that naturally live in our digestive tract.

Fibre is a type of complex carbohydrate found in plants that our bodies cannot easily break down.

This means it passes through the digestive system all the way to the large intestine where it helps feeds trillions of microorganisms.

Fibre's mood benefits have been demonstrated in a review of 18 previous studies, published in the journal Nutritional Neuroscience in 2023.

The University of Adelaide researchers found that, for people deemed at risk of depression, each additional 5g of fibre they added to their diet was associated with a 5 percent reduction of their risk of developing symptoms.

The NHS recommends aiming for at least 30g of fibre per day.

Experts also warn that a diet in ultra-processed foods (UPFs) can have a negative impact on mental health.

Professor Jacka co-authored a study in the journal Clinical Nutrition which concluded that a person's risk of depressive symptoms goes up 10 percent for each additional 10 percent that their diet is comprised of UPFs.

'If you do just one thing to improve your mental health through diet, completely cut out soft drinks, ice cream and crisps,' Professor Jacka told MailOnline.

While multiple studies have established a link between what we eat and mental health, other experts caution the relationship might not be as clear cut as it seems.

They highlight that for UPFs and depression there is no clear cause and effect.

Additionally, they note that patients who eat a lot of UPFs are also more likely to be obese, exercise less frequently and more likely to smoke, all of which could influence their mental wellbeing.

Mental health charity Mind estimates that one in six Britons are suffering from a common mental health problem like depression and anxiety at any one time.

Symptoms of depression range from lasting feelings of unhappiness and hopelessness, to losing interest in the things you used to enjoy and feeling very tearful. Many people with depression also have symptoms of anxiety.

There can be physical symptoms too, such as feeling constantly tired, sleeping badly, having no appetite or sex drive, and various aches and pains.

For anxiety they say that common symptoms include feeling restless or on edge being irritable, getting tired easily and having tense muscles.

The NHS recommended seeing a doctor if you have symptoms of either condition. **Mail Online**

# သဘာဝပစ္စည်းများနဲ့ပြုလုပ်ထားတဲ့ ဆိုလာဘက်ထရီ ၄၈ နာရီအထိ အား ၉၀ ရာခိုင်နှုန်းထိန်းထားနိုင်



သိပ္ပံပညာရှင်များက ဆိုလာဘက်ထရီတစ်မျိုးကို တီထွင်လိုက်ပါတယ်။ သူက နေရောင်ခြည်စွမ်းအင်ကိုလည်း စုပ်ယူနိုင်တယ်။ ဓာတ်အားကိုလည်း နှစ်ရက်ကျော်ကြာသည်အထိ ထိန်းသိမ်းထားနိုင်တယ်။ ဒါပေမဲ့ သူ့ကိုသမားရိုးကျသတ္တုပစ္စည်းများနဲ့ပြုလုပ်ထားတာမဟုတ်ပါဘူး။

မြူးနစ်နည်းပညာတက္ကသိုလ်မှသုတေသနပညာရှင်များအပါအဝင် အခြားသောတက္ကသိုလ်နှစ်ခုမှပညာရှင်များပါဝင်တဲ့အဖွဲ့တစ်ဖွဲ့က ဒီဘက်ထရီကိုတီထွင်ဖန်တီးလိုက်တာပါ။ သူတို့ဖန်တီးလိုက်တဲ့ဆိုလာဘက်ထရီက သဘာဝပစ္စည်းများနဲ့ရေကိုသာအသုံးပြုဖန်တီးထားတာဖြစ်ပြီး ဒါဟာလျှပ်စစ်ဓာတ်အားလိုင်းပြင်ပစွမ်းအင်သိုလှောင်မှု ပြဿနာအတွက် ရေရှည်ဖြေရှင်းမှု နည်းလမ်းတစ်ခုဖြစ်လာပါတယ်။

ဘက်ထရီမှာအသုံးပြုထားတဲ့သဘာဝကုန်ကြမ်းပစ္စည်းက နေရောင်ခြည်စွမ်းအင်ကို သိုလှောင်သူအဖြစ်အလုပ်လုပ်ပါတယ်။ သူကနေ့ဘက်မှာ နေရောင်ခြည်စွမ်းအင်ကိုစုပ်ယူထားပြီး ညရောက်တဲ့အချိန်မှာ လျှပ်စစ်ဓာတ်အားကိုပြန်ထုတ်ပေးတဲ့ပုံစံမျိုးဖြစ်ပါတယ်။ ပညာရှင်များအနေနဲ့ အခုလိုမျိုးသဘာဝပစ္စည်းတွေနဲ့ ပေါင်းစပ်ဖန်တီးနိုင်မှုက ပထမဆုံးဖြစ်ပါတယ်။

သိပ္ပံပညာရှင်များက naphthalenediimide ဆိုတဲ့ သဘာဝဒြပ်ပေါင်းကနေ ဖန်တီးထားတဲ့ ပေါင်းစပ်သဘာဝပစ္စည်းပုံစံကိုအဓိကအသုံးပြုထားတာပါ။ သူက နေရောင်ခြည်ကိုစုပ်ယူပြီး လျှပ်စစ်ဓာတ်အား ၉၀ ရာခိုင်နှုန်းကို ၄၈ နာရီကြာတဲ့အထိထိန်းထားနိုင်တာပါ။

ဒါ့အပြင် သိပ္ပံပညာရှင်များက ရေကိုအသုံးပြုခြင်းဟာ သိုလှောင်သိမ်းဆည်းထားတဲ့လျှပ်စစ်ဓာတ်အားတွေကိုတည်ငြိမ်စေဖို့အတွက် အဓိကအခန်းကဏ္ဍကနေပါဝင်နေတယ်ဆိုတာကိုလည်း တွေ့ရှိလိုက်ကြပါတယ်။ အကြောင်းရင်းကိုဆိုရင် ရေရဲ့မော်လီကျူးများက ပေါင်းစပ်သဘာဝပစ္စည်းပုံစံအတွင်းရှိ လျှပ်စစ်တွေကို ကောင်းစွာတုံ့ပြန်နိုင်မှုရှိတဲ့အတွက် လျှပ်စစ်စွမ်းအင်တွေကို အချိန်ကြာမြင့်စွာသိုလှောင်ထားနိုင်စေတာဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် သိပ္ပံပညာရှင်များရဲ့အခုတီထွင်မှုဟာ ဆိုလာဘက်ထရီများအတွက် လမ်းကြောင်းအသစ်တစ်ခုဖြစ်လာနိုင်ပါတယ်။

Ref: IE

K.H

# အသံလှိုင်းအသုံးပြုပြီး အဝတ်များဖန်တီးနိုင်မယ့် နည်းပညာကိုပညာရှင်များတီထွင်

အခုဆိုရင် အဝတ်များကိုဖန်တီးချုပ်လုပ်မှုနည်းပညာက ခေတ်သစ်တစ်ခုကိုရောက်လာပြီလို့ဆိုနိုင်ပါတယ်။ ဒီနေရာမှာတော့ အထည်တွေချုပ်လုပ်ဖို့အတွက် လျှပ်စစ်စွမ်းအင်ကိုအသုံးပြုစရာမလိုဘဲ အသံလှိုင်းကိုသာ အသုံးပြုရမှာဖြစ်တယ်လို့ ဖူးရစ်တက္ကသိုလ်မှသုတေသနပညာရှင်များကပြောပါတယ်။


သုတေသနပညာရှင်များက စမတ်တီရှပ်နဲ့လက်အိတ်တစ်မျိုးကို တီထွင်လိုက်ပါတယ်။ အဲဒီတီရှပ်က ဝတ်ဆင်ထားသူရဲ့အသက်ရှူနှုန်းကို တိုင်းတာနိုင်ပါတယ်။ လက်အိတ်ကကျတော့ လက်ရဲ့လှုပ်ရှားမှုကို ကွန်ပျူတာအတွက်အမိန့်ပေးစေခိုင်းမှုအဖြစ်ပြောင်းလဲပေးစေနိုင်ပါတယ်။

ပညာရှင်များတီထွင်လိုက်တဲ့ စမတ်အာရုံခံကိရိယာများက ဖိုက်ဘာကြိုးမျှင်တွေကနေတစ်ဆင့် ထုတ်လွှင့်တဲ့အသံလှိုင်းတွေကိုအသုံးပြုပြီး ထိတွေ့မှုဖိအားပေးမှုနဲ့ လှုပ်ရှားမှုတို့ကို ထောက်လှမ်းသိရှိတာဖြစ်ပါတယ်။

ပညာရှင်များက ပေါင်းစပ်ဖိုက်ဘာကြိုးမျှင်များကို တီရှပ်ရဲ့ချည်ထည်ထဲမှာထည့်သွင်းထားပါတယ်။ အဲဒီကြိုးမျှင်တစ်ခုစီမှာ အသံလှိုင်းများကိုထုတ်လွှတ်တဲ့ဘက်အခြမ်းမှာ ထရန်စမစ်တာတစ်လုံးစီတပ်ဆင်ထားပြီး အခြားသောတစ်ဖက်မှာကျတော့ အသံလှိုင်းအတွင်းပြောင်းလဲမှုများကိုသိရှိနိုင်မယ့် လက်ခံစက်များကိုတပ်ဆင်ကာ ဖန်တီးထားတာဖြစ်တယ်လို့ဆိုပါတယ်။

Ref: IE

K.H




# ကမ္ဘာ့ပထမဆုံး မျိုးရိုးဗီဇပြုပြင်ထားတဲ့ပင့်ကူက အနီရောင်ပင့်ကူမျှင်ကိုထုတ်လွှတ်

ဘေးရုတက္ကသိုလ်မှ သုတေသနပညာရှင်များက မျိုးရိုးဗီဇပြုပြင်ပြောင်းလဲမှုမှာ အဓိကအခန်းကဏ္ဍကနေပါဝင်နေတဲ့ CRISPR-Cas9 ဆိုတဲ့ကိရိယာကို ထိထိရောက်ရောက်နဲ့ အောင်မြင်စွာအသုံးပြုလိုက်နိုင်ပါပြီ။ သူတို့ရဲ့အောင်မြင်မှုကိုတော့ ပင့်ကူတစ်ကောင်က အနီရောင်ပင့်ကူမျှင်များကိုထုတ်လွှတ်မှုမှာမြင်တွေ့နိုင်ပါတယ်။ ဒါဟာ ကမ္ဘာပေါ်မှာပထမဆုံးသောအောင်မြင်မှုလည်းဖြစ်ပါတယ်။

ပင့်ကူမျှင်ဆိုတာ သဘာဝအရဖြစ်တည်နေပြီး သူ့ရဲ့အလွန်ခိုင်ခံ့မှု ဆန့်ထုတ်နိုင်မှု ပေါ့ပါးမှုနဲ့သဘာဝနည်းအရဆွေးမြည့်နိုင်မှုတို့ကြောင့် သိပ္ပံပညာရှင်များရဲ့စိတ်ဝင်စားမှုကို ခံနေရတာပါ။ တကယ်လို့များ ပင့်ကူများရဲ့သဘာဝဖြစ်စဉ်များကို သိရှိပြီး ဒီဖြစ်စဉ်ကိုပေါင်းစပ်အသုံးပြုလိုက်နိုင်မယ်ဆိုရင်ပိုမိုစွမ်းဆောင်ရည်မြင့်မားတဲ့အရာတွေပေါ်ထွက်လာနိုင်တယ်လို့ ပညာရှင်များကယူဆထားပါတယ်။ ဒီအတွက်ကြောင့်ပဲ သူတို့ရဲ့မျိုးရိုးဗီဇပြုပြင်ပြောင်းလဲမှုကိရိယာကိုလက်တွေ့အသုံးပြုခဲ့တာပါ။

CRISPR-Cas9 ဆိုတဲ့ မျိုးရိုးဗီဇပြုပြင်ပြောင်းလဲမှုဆိုင်ရာကိရိယာက သက်ရှိဒီအန်အေများကိုတိကျမှုရှိစွာပစ်မှတ်ထားကာ မျိုးရိုးဗီဇများကိုဖြတ်ထုတ်ခြင်း၊ ထည့်သွင်းခြင်းတို့ကို လုပ်ဆောင်နိုင်စေတဲ့ကိရိယာဖြစ်ပါတယ်။ အခုစမ်းသပ်မှုမှာ မျိုးရိုးဗီဇပြုပြင်ပြောင်းလဲမှုစနစ်နဲ့အတူ အနီရောင်တောက်ပတဲ့ပရိုတိန်းမျိုးရိုးဗီဇကို ပင့်ကူထဲထိုးသွင်းလိုက်တာဖြစ်ပါတယ်။ ရလဒ်ကတော့ အစမ်းသပ်ခံပင့်ကူက အနီရောင်တောက်ပတဲ့ပင့်ကူမျှင်ကိုထုတ်လွှတ်နိုင်တာကြောင့် သူတို့ရဲ့စမ်းသပ်မှုကအောင်မြင်တယ်လို့ဆိုရမှာဖြစ်ပါတယ်။

Ref: IE

K.H



# ကွန်ဖူးတိုက်ကွက်များကိုပင်ပြသနိုင်တဲ့ တရုတ်နိုင်ငံရဲ့ လူတုစက်ရုပ် Lingxi X2



တရုတ်နိုင်ငံရဲ့ Agibot ဆိုတဲ့ကုမ္ပဏီက သူတို့ထုတ်လုပ်တဲ့ လူတုစက်ရုပ်များရဲ့ စွမ်းဆောင်ရည်တစ်ခုကို မကြာသေးခင်ကထုတ်ဖော်ပြသသွားပါတယ်။ အဲဒီထုတ်ဖော်ပြသမှုအပြီးမှာ လူတုစက်ရုပ်ကလူအများရဲ့စိတ်ဝင်စားမှုကို ပိုမိုရရှိလာတာတွေ့ရပါတယ်။ အကြောင်းရင်းကတော့ အဲဒီလူတုစက်ရုပ်ဟာ ကွန်ဖူးတိုက်ကွက်များကိုတောင်မှကစားပြနိုင်တဲ့အတွက်ပါပဲ။

ဒီစက်ရုပ်ကို Lingxi X2 လို့အမည်ပေးထားတာတွေ့ရပါတယ်။ သူ့ရဲ့စွမ်းဆောင်ရည်များအနက်တစ်ခုက အရာဝတ္ထုများကို ရှေ့ကနေကြိုတင်သင်ပြပေးစရာမလိုဘဲနဲ့ကိုင်တွယ်နိုင်စွမ်းရှိတာဖြစ်ပါတယ်။ Agibot ကုမ္ပဏီက Lingxi X2 ကို မတ်လအတွင်းမှာမိတ်ဆက်ခဲ့တာဖြစ်ပြီး သူ့ရဲ့စွမ်းဆောင်ရည်များအနက်တချို့ကိုတော့ မကြာသေးခင်ကမှထုတ်ဖော်ပြသခဲ့တာပါ။ သူတို့က စွမ်းဆောင်ရည်မြင့်မားလှတဲ့ AI နည်းပညာနဲ့ နောက်ဆုံးပေါ်စက်ရုပ်နည်းပညာများကိုပေါင်းစပ်ပြီး ဘက်စုံအသုံးပြုနိုင်မယ့် စက်ရုပ်အမျိုးအစားကိုတီထွင်ထားတာဖြစ်ပါတယ်။

Agibot ကုမ္ပဏီရဲ့ထုတ်ဖော်ပြသထားမှုမှာဆိုရင် စက်ရုပ်ကအမြင့် ၁ ဒသမ ၃ မီတာရှိပါတယ်။ အလေးချိန်က ၇၄ ပေါင်ခွဲရှိပါတယ်။ ခံစားချက်ကိုလည်းထုတ်ဖော်ပြသနိုင်ပါတယ်။ လူတစ်ယောက်လိုမျိုးအပြုအမူနဲ့အတူ လေသံကိုလည်းလိုက်အပ်သလိုပြောဆိုနိုင်တာတွေ့ရပါတယ်။ သူတို့အနေနဲ့ အခုလိုမျိုးစက်ရုပ်ကိုရရှိလာဖို့အတွက် Genie Operator-1 ဆိုတဲ့ AI ပုံစံကိုအသုံးပြုထားတာဖြစ်တယ်လို့ ဆိုပါတယ်။

Ref: IE

K.H

# တရုတ်က ပဉ္စမမျိုးဆက်တိုက်လေယာဉ်များကို ထောက်လှမ်းရှာဖွေရန် အသုံးပြုမည့် JY-27V ရေဒါအသစ်ကိုထုတ်ဖော်ပြသ

ပေကျင်း၊ ပြည်တွင်းရေး

တရုတ်တပ်မတော်က အမေရိကန်၏ F-22 နှင့် F-35 တို့ကဲ့သို့သော ပဉ္စမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ်များကို ထောက်လှမ်းရှာဖွေရန် အသုံးပြုသွားမည့် JY-27V ရေဒါအသစ်ကို ထုတ်ဖော်ပြသလိုက်ကြောင်းသိရသည်။


JY-27V ရေဒါကို လှုပ်ရှားသွားလာမှုအတွက် စစ်သုံးယာဉ်ထရပ်ကားပေါ်တင်ဆောင်နိုင်ပြီး ကြိမ်နှုန်းအလွန်မြင့်ရေဒီယိုလှိုင်းနှုန်းများဖြင့် အလုပ်လုပ်ခြင်းဖြစ်ကာ သာမန်ရေဒါများဖြင့် ဖမ်းယူနိုင်ခြင်းမရှိသော ကိုယ်ပျောက်ပစ်မှတ်များကို တိကျစွာထောက်လှမ်းနိုင်သည့်အပြင် တိကျစွာတိုက်ခိုက်နိုင်ရေးအတွက် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ကို လမ်းညွှန်မှုပေးနိုင်ကြောင်း ထိုရေဒါကိုထုတ်လုပ်သည့် တရုတ်နိုင်ငံပိုင် CETC ကုမ္ပဏီကထုတ်ပြန်ထားသည်။

ရေဒါတွင်တပ်ဆင်ထားသည့်အင်တာနာကို အချိန်တိုအတွင်း ဖြန့်နိုင်မည်ဖြစ်သောကြောင့် မိနစ်ပိုင်းအတွင်းမှာပင် ရေဒါလုပ်ငန်းကိုစတင်နိုင်မည်ဖြစ်ကြောင်းနှင့် အခြားနေရာသို့ရွှေ့ပြောင်းနေရာချနိုင်ရေးအတွက် အင်တာနာကိုပြန်လည်ခေါက်သိမ်းနိုင်ကြောင်း Xinhua သတင်းဌာနကဖော်ပြထားသည်။ ရေဒါကိုခေါက်သိမ်းခြင်းနှင့် ပြန်ဖြန့်ခြင်းတို့လုပ်ဆောင်ရာတွင် ညင်သာချောမွေ့မှုလည်းရှိကြောင်း CETC ကုမ္ပဏီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

"အင်တာနာရဲ့အချင်းက ပိုပြီးကြီးလေလေ၊ ထောက်လှမ်းမှုလုပ်နိုင်တဲ့အကွာအဝေးကလည်း ပိုပြီးများလေလေဖြစ်ပါတယ်" ဟု CETC မှသိပ္ပံပညာရှင်တစ်ဦးကပြောသည်။

အဆိုပါရေဒါကို အန်းဟွေပြည်နယ် ဟီဖေးမြို့၌ မေလ ၁၇ ရက်မှ ၁၉ ရက်အထိကျင်းပသော ရေဒါပြပွဲတစ်ခုတွင် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref: SCMP



# ရုရှားအပေါ်ပိတ်ဆို့မှုများက စိတ်ကူးကောင်းမဟုတ်ဟုထရမ့်ပြော

ဝါရှင်တန်၊ ဆက်ဆံရေး



ရုရှားအပေါ်ပိတ်ဆို့မှုများချမှတ်ခြင်းကစိတ်ကူးကောင်းမဟုတ်ကြောင်း၊ မည်သည့်အတွက်ကြောင့်ဆိုသော် ရုရှားအနေဖြင့် ယူကရိန်းနှင့်ငြိမ်းချမ်းရေးရယူလိုသည့်အတွက်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဥရောပခေါင်းဆောင်များနှင့် ယူကရိန်းသမ္မတတို့ကို ပြောသည်။

ထရမ့်သည် မေလ ၁၉ ရက်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် နှစ်နာရီကြာဖုန်းပြောပြီးနောက် ရုရှားအပေါ်ပိတ်ဆို့မှုများထပ်မံချမှတ်လိုက်သည့် ဥရောပနိုင်ငံများကို ယခုကဲ့သို့ပြောလိုက်ခြင်းဖြစ်သည်။ သမ္မတနှစ်ဦးကြားဖုန်းပြောမှုတွင် အခြားသောအရာများထက် ယူကရိန်းပဋိပက္ခပြေလည်ရေးကို ဦးစားပေးဆွေးနွေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်က ငြိမ်းချမ်းရေးလိုချင်နေသလောက် ဥရောပရှိနိုင်ငံအချို့က စစ်ဖြစ်ပွားရေးကိုသာအလိုရှိနေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက သမ္မတနှစ်ဦးကြားဖုန်းပြောပြီးနောက် ထုတ်ပြန်ထားသည်ဟုသိရသည်။

Ref: Sputnik

# တရုတ်က WHO သို့ ငါးနှစ်အတွင်း ဒေါ်လာသန်း ၅၀၀ ပေးမည်

ဂျီနီဗာ၊ ကူညီရေး

တရုတ်နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) သို့ လာမည့်ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်း ၅၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက မေလ ၂၀ ရက်တွင်ပြောသည်။

WHO မှ အမေရိကန်နိုင်ငံနုတ်ထွက်ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် အလှူရှင်များကိုရှာဖွေလာရခြင်းဖြစ်ပြီး ယခုအခါ တရုတ်နိုင်ငံကလှူဒါန်းမည့်ကတိပြုမှုကိုရရှိခြင်းဖြစ်ပြီး ထိုသို့ပေးအပ်လှူဒါန်းမည့်အကြောင်းကို တရုတ်ဒုတိယဝန်ကြီးချုပ်က ကြေညာခြင်းဖြစ်သည်။

လက်ရှိတွင် ထောက်ပံ့ငွေရရှိမှုနည်းပါးနေသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ၂၀၂၆-၂၀၂၇ ခုနှစ်အတွက် လျာထားအသုံးစရိတ်ကို ၂၁ ရာခိုင်နှုန်းအထိလျှော့ချကာ ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံသာအသုံးပြုရန် စီစဉ်ထားကြောင်း၊ ထို့ကြောင့် WHO အဖွဲ့ဝင်နိုင်ငံများမှ ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းမဖြစ်မနေတိုးမြှင့်ရန် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကထုတ်ပြန်ထားသည်။

Ref: TST

## သတင်းတိုကဏ္ဍ

### အိန္ဒိယနှင့်ပါကစ္စတန်တို့က မေလကုန်နောက်ဆုံးထား၍ တပ်ဖွဲ့ဝင်များဆုတ်ခွာရန်သဘောတူ

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် မကြာသေးမီကဖြစ်ပွားသောပဋိပက္ခများကြောင့် ရှေ့တိုးတပ်ဖြန့်ထားသည့် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များကို ငြိမ်းချမ်းစဉ်ကာလအခြေပြုနေရာများအထိ မေလကုန်နောက်ဆုံးထား၍ ဆုတ်ခွာပေးရန် သဘောတူလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်တာဝန်ရှိသူတစ်ဦးက မေလ ၂၀ ရက်တွင်ပြောသည်။

အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့ကြား လေးရက်ကြာဖြစ်ပွားသည့် အပြန်အလှန်တိုက်ခိုက်မှုများအတွင်း သေဆုံးသူစုစုပေါင်း ၇၀ ကျော်ရှိသည်။ အိန္ဒိယနိုင်ငံ ကက်ရှမီးယားဒေသရှိ ပါဟယ်ဂမ်မြို့၌ အကြမ်းဖက်သမားများက ခရီးသွားများကို ပစ်မှတ်ထားတိုက်ခိုက်မှုမှအစပြု၍ နျူကလီးယားလက်နက်ပိုင် အဆိုပါအိမ်နီးချင်းနှစ်နိုင်ငံကြား တိုက်ခိုက်မှုများဖြစ်ပွားလာခြင်းဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါကစ္စတန်အစိုးရက နောက်ကွယ်မှပါဝင်နေသည်ဟု အိန္ဒိယအစိုးရကစွပ်စွဲထားသော်လည်း ပါကစ္စတန်ကထိုစွပ်စွဲချက်ကိုငြင်းဆိုထားကြောင်းသိရသည်။ Ref: SCMP

### ဂါဇာအပေါ် အစ္စရေး၏ပြင်းထန်သောတိုက်ခိုက်မှုများကို ဗြိတိန်၊ ကနေဒါနှင့် ပြင်သစ်တို့သတိပေး

ဂါဇာဒေသအပေါ်လုပ်ဆောင်လျက်ရှိသည့် အစ္စရေး၏ပြင်းထန်လှသောတိုက်ခိုက်မှုများနှင့်ပတ်သက်၍ ဗြိတိန်၊ ကနေဒါနှင့်ပြင်သစ်အစိုးရတို့က မေလ ၁၉ ရက်တွင် သတိပေးလိုက်ကြောင်းသိရသည်။

အစ္စရေးအနေဖြင့် ဂါဇာအပေါ်ပြင်းထန်ရက်စက်စွာ တိုက်ခိုက်မှုများရပ်တန့်ခြင်းမရှိပါက ၎င်းတို့သုံးနိုင်ငံက အစ္စရေးအပေါ် ပူးတွဲအရေးယူမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတိပေးလိုက်ခြင်းဖြစ်သည်။

သို့သော် အဆိုပါသုံးနိုင်ငံ၏ထုတ်ပြန်ချက်က ဂါဇာစစ်ပွဲတွင် ဟားမတ်အဖွဲ့အတွက် ကြီးမားသောဆုလာဘ်ကြီးပင်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက ဗြိတိန်ဝန်ကြီးချုပ်၊ ကနေဒါဝန်ကြီးချုပ်နှင့် ပြင်သစ်သမ္မတတို့ကိုပြောထားသည်။

ယင်းသုံးနိုင်ငံက အစ္စရေးအပေါ်မည်ကဲ့သို့အရေးယူမည်ကိုပြောထားခြင်းမရှိသော်လည်း အစ္စရေး-ပါလက်စတိုင်းပြဿနာကို နှစ်နိုင်ငံဖြေရှင်းနည်းဖြင့်ဖြေရှင်းသွားမည်ဟုပြောထားသည်။ Ref: BP

### ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ Starlink ၏ မြန်နှုန်းမြင့် အကန့်အသတ်မရှိအင်တာနက်ရရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ Starlink ကုမ္ပဏီ၏ မြန်နှုန်းမြင့်အကန့်အသတ်မရှိ အင်တာနက်ကို ရရှိအသုံးပြုနိုင်ပြီဖြစ်ကြောင်း အီလွန်မတ်၏ အဆိုပါကုမ္ပဏီက လူမှုကွန်ရက်တွင်တင်ထားသည်။

အီလွန်မတ်ပိုင်ဆိုင်သော Starlink ကုမ္ပဏီသည်ဂြိုဟ်တုစနစ်သုံးအင်တာနက်ဝန်ဆောင်မှု ကုမ္ပဏီတစ်ခုဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အမြန်နှုန်း 300 Mbps ရှိသည့် မြန်နှုန်းမြင့်အင်တာနက်ကိုအသုံးပြုနိုင်ပြီဖြစ်ကြောင်း မေလ ၂၀ ရက်တွင်ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံအတွင်း အဆိုပါအင်တာနက်ဝန်ဆောင်မှုကို ရရှိပြီဖြစ်ကြောင်း၊ ဈေးအနည်းငယ်ကြီးသော်လည်း အရည်အသွေးမြင့်မားသည့်အင်တာနက်ကိုရရှိမည်ဖြစ်ကြောင်းနှင့် အင်တာနက်ဆက်ကြောင်းမရှိသေးသည့်ဒေသများအတွက် အဆင်ပြေကြောင်း ဘင်္ဂလားဒေ့ရှ်အကြံပေးအရာရှိချုပ်၏အထူးလက်ထောက်တိုင်ယက်ကပြောသည်။ Ref: Xinhua

### အိန္ဒိယနိုင်ငံတောင်ပိုင်း၌ရေကြီးပြီး မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်ပိုင်းတွင် အပူချိန်မြင့်တက်

အိန္ဒိယနိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွားပြီး နိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် အပူချိန်များလွန်စွာ မြင့်တက်လာကြောင်းသိရသည်။

နိုင်ငံတောင်ပိုင်း ကာနတကာပြည်နယ်တွင် နှစ်ရက်ကြာမိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မေလ ၂၀ ရက်တွင် ရေကြီးမှုများဖြစ်ပွားသည်။ မိုးရေချိန်မှာ ၁၀ စင်တီမီတာအထိရှိသည်။

အလားတူ အပူချိန်မြင့်တက်မှုကိုခံစားရသည့်ဒေသများတွင် ပျမ်းမျှအားဖြင့် အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်အထိရှိကြောင်း၊ နိုင်ငံအနောက်ပိုင်းရှိ ရာဂျက်စသန်ပြည်နယ်တွင်မူ အပူချိန်မှာ ၄၆ ဒသမ ၆ ဒီဂရီစင်တီဂရိတ်အထိရှိကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

နိုင်ငံတောင်ပိုင်း၌ မုတ်သုံဝင်ရောက်လာပြီဖြစ်သည့်အတွက် လာမည့်ရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်းနှင့် နယူးဒေလီမြို့နှင့်အနီးဝန်းကျင်တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်သည်အထိရှိနိုင်ကြောင်းသိရသည်။ Ref: Xinhua

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော်  မေ ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**မေလ ၁၈ ရက်**တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်မရော (မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဟသ်ာအဝိုင်း(မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၄၁၀၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**မေလ ၁၉ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း(၆၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၇၆၃၀၀)ကိုလည်းကောင်း၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းအနီး တာချီလိတ်- ကျိုင်းတုံကားလမ်း မလိပါကောလမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၇၆၃၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၁၇၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Caravan (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ အမရပူရမြို့နယ်အတွင်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၇၂၂)ဂါလန်၊ ဓာတ်ဆီ(၁၁၄)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၈၀၉၁၃)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၅၂၆၆၃)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုတ္တမဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၉၈၉၅) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV.Zwe Ayar ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)ကိုအကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တိုက်ကြီးမြို့နယ်၊ တွံတေးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၄၀၀၉၈၉၅)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြတ်မ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၆၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၃)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၅)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၅၈၂၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၅၁၈၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေလ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ်၁၉၆၄၄၄၀၈၂၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

မြဝတီ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော်  မေ ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တောင်ကိုရီးယားနိုင်ငံသား ၁ ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား ၇ ဦး၊ အိန္ဒိယနိုင်ငံသား ၁၀ ဦး၊ ရုရှားနိုင်ငံသား ၁ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား ၁၂ ဦး၊ စုစုပေါင်း ၃၁ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့်နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ Counsellor Mr. Doosung Kim နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားသမ္မတနိုင်ငံသံရုံးမှ Counsellor Ms. Juliet Onyejiaka နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilyn Ilia နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာအထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့်ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

ထို့အတူ မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၈ ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား ၁ ဦး၊ အိန္ဒိယနိုင်ငံသား ၃ ဦး၊ တရုတ်နိုင်ငံသား ၁ ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မေလ ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၆၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၃၀ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gam- bling)လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# နို့စားနွားများတွင်ဖြစ်ပွားသော အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ(HPAI)

ကြက်ငှက်တုပ်ကွေးရောဂါ (Highly Pathogenic Avian Influenza – HPAI)၊ အထူးသဖြင့် H5N1 ဗိုင်းရပ်ပိုးသည် လက်ရှိအချိန်တွင် ကမ္ဘာ့နေရာအနှံ့၌ စိုးရိမ်ဖွယ်ရာ ခြိမ်းခြောက်မှုတစ်ရပ်အဖြစ်ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ကြက်ငှက်များမှအစပြု၍ အိမ်မွေးတိရစ္ဆာန်များနှင့်တောရိုင်းတိရစ္ဆာန်များကို မကြာခဏဆိုသလို ထိခိုက်စေသောကြောင့်ဖြစ်သည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုတွင် နို့စားနွားများအကြား လက်ရှိဖြစ်ပွားနေမှုသည် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်း၏စိုးရိမ်မှုများကို မြင့်တက်နေစေသည်။ HPAI ဗိုင်းရပ်သည် အဓိကအားဖြင့် အိမ်မွေးနှင့် တောရိုင်းကြက်၊ ငှက်များကို ထိခိုက်စေသော်လည်း ကုန်းနေနှင့် ရေနေနို့တိုက်သတ္တဝါများတွင် တွေ့ရှိရမှုများသည်လည်းတိုးပွားလာနေကြောင်း မကြာသေးမီက ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH)သို့အစီရင်ခံထားသည်။ HPAI (Highly Pathogenic Avian Influenza) ဗိုင်းရပ်၏ အလျားလိုက်ကူးစက်မှု (Horizontal Transmission) ဆိုသည်မှာ ရောဂါပိုးရှိသော အိမ်မွေးတိရစ္ဆာန် သို့မဟုတ် တောရိုင်းတိရစ္ဆာန်တစ်ကောင်မှ အခြားတိရစ္ဆာန်သို့ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းကူးစက်ခြင်းကိုဆိုလိုသည်။ ဥပမာအားဖြင့် ကြက်ငှက်တုပ်ကွေးဗိုင်းရပ် Avian Influenza H5N1 သည် နွားများ၊ ကြောင်များနှင့် အခြားကြက်၊ ငှက်များအကြား အလျားလိုက်ကူးစက်နိုင်ကြောင်းလေ့လာတွေ့ရှိထားသည်။

- နွားများမှ အခြားနွားများသို့
  ကြက်ငှက်တုပ်ကွေးဗိုင်းရပ်သည် နှာရည်၊ တံတွေး၊ မစင်နှင့် နို့တို့မှတစ်ဆင့် တိရစ္ဆာန်အချင်းချင်းထိတွေ့မှုဖြင့် ကူးစက်နိုင်သည်။
- နွားများမှ ကြောင်များသို့
  အမေရိကန်ပြည်ထောင်စုတွင် H5N1 ဗိုင်းရပ်ကူးစက်ခံထားရသော နွားနို့ကိုသောက်သုံးမိသည့်ကြောင်များတွင် ဗိုင်းရပ်ပိုးတွေ့ရှိရပြီး ၎င်းတို့မှတစ်ဆင့် အခြားကြောင်များသို့လည်း ကူးစက်နိုင်ကြောင်း အတည်ပြုထားသည်။
- ကြောင်များမှ ကြက်၊ ငှက်များသို့
  ကြောင်များသည် ငှက်များကိုဖမ်းစားတတ်သောကြောင့် ဗိုင်းရပ်ကိုသယ်ဆောင်ကာ ကူးစက်စေနိုင်သည်။
- တိရစ္ဆာန်များမှ လူသို့ (Zoonotic Transmission)
  H5N1 ကဲ့သို့သော ဗိုင်းရပ်များသည် တိရစ္ဆာန်များမှ လူသို့လည်း ကူးစက်နိုင်ပြီး ပြင်းထန်သောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကိုဖြစ်စေနိုင်သည်။

၂၀၂၄ ခုနှစ်အစောပိုင်းတွင် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ် ၁၇ ခုရှိ နို့စားနွားမွေးမြူရေးလုပ်ငန်းများတွင် H5N1 ဗိုင်းရပ်ကူးစက်မှုများစတင်တွေ့ရှိခဲ့သည်။ ဤသည်မှာ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်သည် နို့တိုက်သတ္တဝါများသို့ မျိုးဗီဇပြောင်းလဲကူးစက်နိုင်စွမ်းရှိကြောင်း ပြသသည့် အရေးကြီးသောဥပမာတစ်ခုဖြစ်သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ နို့တိုက်သတ္တဝါမျိုးစိတ် ၃၀ ကျော်သည် HPAI ဗိုင်းရပ်ပိုးကူးစက်ခံထားရပြီဖြစ်ကာ ဤအရေအတွက်သည် ပိုမိုတိုးလာနိုင်သည်ဟုခန့်မှန်းရသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအချက်အလက်စနစ် (WAHIS)မှ စုဆောင်းထားသော အချက်အလက်များအရ မြောက်ကမ္ဘာခြမ်းတွင် HPAI ကူးစက်မှုများသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် စတင်မြင့်တက်လာပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် အမြင့်ဆုံးသို့ရောက်ရှိနိုင်သည်ဟုဖော်ပြနေသောကြောင့်ဖြစ်သည်။

ဤဖြစ်ရပ်များသည် ဗိုင်းရပ်၏မျိုးစိတ်ကွဲများအကြား အတားအဆီးများကို ကျော်လွှားနိုင်စွမ်းနှင့် တောရိုင်းတိရစ္ဆာန်များ၊ အိမ်မွေးတိရစ္ဆာန်များနှင့် ပြည်သူ့ကျန်းမာရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ထပ်မံအလင်းပြလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုရှိ နို့စားနွားများတွင် ကြက်ငှက်တုပ်ကွေးရောဂါ HPAI စဉ်ဆက်မပြတ်တွေ့ရှိမှုများသည် ကမ္ဘာလုံးဆိုင်ရာစိုးရိမ်မှုများကိုမြင့်တက်စေသည်။

၂၀၂၅ ခုနှစ် အစောပိုင်းအထိ နို့စားနွားများတွင် စမ်းသပ်တွေ့ရှိခဲ့သော ဗိုင်းရပ်အားလုံးသည် H5 clade 2.3.4.4b Genotype B3.13 မျိုးကွဲဖြစ်ခဲ့သော်လည်း ယခုအခါ Nevada နှင့် Arizona ရှိ နို့စားနွားများတွင် ဒုတိယမျိုးကွဲဖြစ်သော D1.1 Genotype ကို အတည်ပြုတွေ့ရှိခဲ့သည်။

D1.1 Genotype သည် ၂၀၂၃ ခုနှစ်ဆောင်းရာသီနှင့် ၂၀၂၄ ခုနှစ် ဆောင်းဦးကာလအတွင်း မြောက်အမေရိကတိုက်ရှိ ငှက်များ၏ ရွှေ့ပြောင်းရာလမ်းကြောင်း (North American Flyways) တွင် အဓိက ပျံ့နှံ့ခဲ့သောမျိုးကွဲဖြစ်ပြီး တောရိုင်းငှက်များ၊ နို့တိုက်သတ္တဝါများနှင့် မွေးမြူရေးကြက်များ (Domestic Poultry)တွင် ကူးစက်မှုများတွေ့ရှိရသည်။ နို့စားနွားများတွင် ဗိုင်းရပ်၏မတူညီသော Genotype နှစ်မျိုး (B3.13 နှင့် D1.1) တွေ့ရှိမှုသည် ဗိုင်းရပ်၏ဆက်လက်ပြောင်းလဲနိုင်စွမ်းနှင့် ကူးစက်မှုလမ်းကြောင်းအသစ်များကိုညွှန်းဆိုနေသည်။ Genotype D1.1 မျိုးကွဲသည် နို့စားနွားများတွင် ယခင်က အဓိကဖြစ်ပွားခဲ့သော

## ကောင်းကင်ပေါ်ရှိ ငှက်ရိုင်းများနှင့် မြေပြင်မှ နွားများ၏မြင်ကွင်း



Genotype B3.13 မျိုးကွဲနှင့် မတူညီပါ။ B3.13 မျိုးကွဲသည် လူသားများကို ကူးစက်ပါက ရောဂါလက္ခဏာအပျော့စားသာ ဖြစ်ပွားစေနိုင်ခဲ့သည်။ Genotype D1.1 သည် H5N1 ဗိုင်းရပ်၏ မျိုးဗီဇအမျိုးအစား(Genetic Clade)တစ်ခုဖြစ်ပြီး ငှက်များမှ နွားများသို့ကူးစက်နိုင်စွမ်း (Cross–Species Transmission) ပိုမိုမြင့်မားနိုင်သည့်သဘောရှိကြောင်း လေ့လာတွေ့ရှိချက်များက ဖော်ပြထားသည်။ Genotype D1.1 ၏ ထူးခြားချက်မှာ ငှက်များတွင် အဓိကတွေ့ရှိရသော်လည်း နို့တိုက်သတ္တဝါများ (ဥပမာ – နွား၊ ကြောင်)တွင် ကူးစက်နိုင်စွမ်းရှိသည်။ Genotype D1.1 သည် နို့တိုက်သတ္တဝါများသို့ကူးစက်နိုင်စွမ်းမြင့်မားသည့်အတွက် လူသို့ကူးစက်မှု (Zoonotic Transmission) အန္တရာယ်ကို စောင့်ကြည့်ရန်အရေးကြီးသည်။ ဗိုင်းရပ်၏မျိုးရိုးဗီဇပြောင်းလဲမှု (Mutation) ဆက်ဖြစ်ပါက လူအချင်းချင်းကူးစက်နိုင်သည့်ကပ်ရောဂါ (Pandemic) အန္တရာယ်သို့ရောက်ရှိလာနိုင်ပေသည်။

HPAI ကူးစက်ခံရသောနွားများတွင် ရောဂါလက္ခဏာမပြဘဲ သို့မဟုတ် နို့ထွက်နှုန်းကျဆင်းခြင်း၊ နို့အရည်အသွေးပျက်၍ပျစ်ခဲသောနို့ထွက်ခြင်း၊ အစာစားနှုန်းလျော့ကျခြင်း၊ အားနည်းခြင်း၊ အဖျားတက်ခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်းစသော မပြင်းထန်သည့်ရောဂါလက္ခဏာများသာပြသလေ့ရှိသည်။ သေဆုံးနှုန်းမှာလည်း ၂ ရာခိုင်နှုန်းခန့်သာရှိသည်။ ရောဂါကူးစက်ခံရသောနွားများမှ ထွက်ရှိသောနို့စိမ်း (Raw Milk) တွင် ဗိုင်းရပ်ပမာဏအလွန်မြင့်မားကြောင်း ဓာတ်ခွဲစမ်းသပ်မှုများက အတည်ပြုထားသည်။

H5N1 သည် ယခင်က ငှက်များတွင်သာ အဓိကတွေ့ရှိရသော်လည်း ယခုအခါ နွား၊ ဆိတ်၊ ဖျံ စသည့်နို့တိုက်သတ္တဝါများတွင် ကူးစက်လာခြင်းက ဗိုင်းရပ်၏မျိုးဗီဇပြောင်းလဲမှုကို မြန်ဆန်စေနိုင်သည်။ ၎င်းသည် လူသားများအတွက် ပိုမိုလွယ်ကူစွာကူးစက်နိုင်သော ဗိုင်းရပ်အဖြစ်ပြောင်းလဲနိုင်ခြေ(Zoonotic Adaptation)ကိုမြင့်တက်စေသည်။ လက်ရှိတွင်နွားနို့မှတစ်ဆင့် လူသို့တိုက်ရိုက်ကူးစက်မှု အတည်မပြုရသေးသော်လည်း ဗိုင်းရပ်၏မျိုးဗီဇပြောင်းလဲမှုကြောင့် အန္တရာယ်မြင့်မားနေသည်။

H5N1 ဗိုင်းရပ်၏နွားများအကြား အပြင်းအထန်ကူးစက်ပျံ့နှံ့မှုသည် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် ကြီးမားသောစိုးရိမ်ဖွယ်ရာအခြေအနေကို ဖြစ်ပေါ်စေနိုင်သည်။ အမေရိကန် CDC နှင့် WHO ၏ သတိပေးချက်အရ ရောဂါကူးစက်သည့်နွားများမှ ထုတ်လုပ်သော နို့စိမ်း (Unpasteurized Milk) ကို သောက်သုံးခြင်းသည် H5N1 ဗိုင်းရပ်ကူးစက်နိုင်ခြေအလွန်မြင့်မားကြောင်း သိပ္ပံနည်းကျသက်သေပြချက်များရှိသည်။ နို့ကိုပေါင်းခံခြင်း (Pasteurization) မပြုလုပ်ပါက ဗိုင်းရပ်အသက်ရှင်နိုင်ပြီး လူသို့ကူးစက်နိုင်သည်။ WHO ၏ ဖော်ပြချက်များအရ H5N1 သည် လူသားများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြင်းထန်ရောဂါများဖြစ်စေနိုင်ပြီး သေဆုံးနှုန်း ၅၀ ရာခိုင်နှုန်းအထိ ရှိနိုင်သည်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းများ (WHO, FAO)၏အကြံပြုချက်များမှာ**

- နို့နှင့်နို့ထွက်ပစ္စည်းများကို သေချာစွာချက်ပြုတ်ပြီးမှသာ စားသုံးပါ။ (Pasteurization လုပ်ထားသောနို့ကိုသာရွေးချယ်ပါ)။
- မွေးမြူရေးခြံများတွင် ဇီဝလုံခြုံရေး (Biosecurity)မြှင့်တင်ခြင်း (ဥပမာ – ကူးစက်နိုင်သောငှက်များနှင့်ထိတွေ့မှုကို ကန့်သတ်ခြင်း)။
- နွားများနှင့် အခြားမွေးမြူရေးတိရစ္ဆာန်များတွင် H5N1 စောင့်ကြည့်စစ်ဆေးမှု မြှင့်တင်ခြင်း။
- ကူးစက်မှုလက္ခဏာရှိသော တိရစ္ဆာန်များကို ချက်ချင်းသီးသန့်ထားရှိခြင်း။

**အိမ်မွေးတိရစ္ဆာန်များတွင် H5N1 ကူးစက်မှု**

ကြက်ငှက်တုပ်ကွေး H5N1 ဗိုင်းရပ်တွေ့ရှိရသော နို့စားနွားမွေးမြူသည့်ပြည်နယ်တို့ရှိ အိမ်မွေးကြောင်များစွာတွင် H5N1 ဗိုင်းရပ်ပိုးတွေ့ရှိခဲ့ပြီး ကျားသစ်၊ ကျား၊ ခြင်္သေ့နှင့် ဘော့ကတ်ကြောင်ကြီးများ (Bobcats) အပါအဝင် ကြောင်မျိုးစိတ်များစွာကူးစက်ခံခဲ့ရသည်။ ကြောင်များတွင် ရောဂါလက္ခဏာများမှာပြင်းထန်ပြီး အာရုံကြောအားနည်းခြင်း၊ နှာရည်/ မျက်ရည်အလွန်ကျခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာလက္ခဏာများဖြစ်ပေါ်ကာ အသက်ဆုံးရှုံးသည်အထိဖြစ်တတ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုသော် **H5N1 ဗိုင်းရပ်၏ နွားများအကြား ကူးစက်မှုသည် လူသားများအတွက် ကပ်ရောဂါအဆင့်အန္တရာယ်ကို မြင့်တက်စေနိုင်သည့် အချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အသိပညာပေးခြင်းများကိုအရှိန်မြှင့်၍ဆောင်ရွက်ရန်အရေးကြီးသည်။ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု၊ သုတေသနနှင့် အရေးပေါ်အစီအမံများသည် ဤကပ်ဘေးအန္တရာယ်ကိုကာကွယ်ရန် အဓိကသော့ချက်များဖြစ်သည်။**

**“ကပ်ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းသည် ဖြစ်ပွားပြီးမှ ကုသခြင်းထက် အဆပေါင်းများစွာထိရောက်ပါသည်”**

ဒေါက်တာခင်စန္ဒာလွင်(မွေး–ကု)

# ကျည်တောင်-သာယာဝှမ်းတံတား သတ်မှတ်အရည်အသွေးပြည့်ဝစွာ အချိန်မီပြီးစီးရေးမှာကြား



**နေပြည်တော် မေ ၂၀**

